ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့ **(4-6-2008)** (၅၆၉၉)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

ပြန်လည်တည်ဆောက်ရေးဆောင်ရွက်ရာတွင် ဒေသ၏ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားများတည်ဆောက်ရေး၊ ပြည်သူများ၏စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တစ်ပြိုင်တည်းစနစ်တကျဆောင်ရွက်ပေး နောင်သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက ကာကွယ်နိုင်ရေးအတွက်ပါ မျှော်မှန်းဆောင်ရွက်ကြရန်ဖြစ် ဒေသတစ်ခုချင်းစီ၏အခြေအနေနှင့်လိုအပ်ချက်ကို သိရှိဖြည့်ဆည်းပေးနိုင်မှ လုပ်ငန်းများထိရောက်အောင်မြင်မည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးကျေးရွာတွင် ဒေသခံ ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံ၍ ကျေးရွာပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော်　　ဇွန်　　၃

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၄-၆-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် စွမ်းအားအပြည့်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏စီးပွားရေး တိုးတက်ခိုင်မာရေး၊ ပြည်သူများစိတ်ဓာတ်စွမ်းအား၊ အတတ်ပညာ၊ နည်းပညာစွမ်းအား မြင့်မားလာရေးတို့အတွက် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ချမှတ်ဖော်ဆောင်နေသည်။ နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး စီမံကိန်းများ ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ လမ်းမိုင်ပေါင်း ခြောက်သောင်းကျော်နှင့် ပေ ၁၈၀ နှင့်အထက် တံတားကြီး ၂၃၃ စင်းကိုဖောက်လုပ်တည်ဆောက်ပေးထားရာ ပြည်သူများ ကူးသန်းဆက်သွယ်သွားလာမှု မြန်ဆန်ချောမွေ့ လွယ်ကူနေပြီဖြစ်သည်။

ထိုနည်းတူ ဒေသအားလုံးရှိ လူငယ်လူရွယ်များ ခေတ်မီပညာရပ်များ ဆည်းပူးနိုင်ရေးအတွက် အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းဖြန့်ကျက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ ကျောင်းတွင်း ပညာရေးကဏ္ဍ၊ ကျောင်းပြင်ပ ပညာရေးကဏ္ဍတို့ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိရာ ပညာရေးအခြေခံကောင်း၊ ပညာရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းနေသည်။

နိုင်ငံတော်အစိုးရက ကျန်းမာရေးကဏ္ဍတွင် အထူးကုဆေးရုံကြီးများ၊ ဆေးရုံ၊ ဆေးပေးခန်းများ တည်ဆောက်ပေးထားပြီး ဆရာဝန်များ၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများကို တိုးမြှင့်ခန့်အပ်တာဝန်ပေးထားရာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်လျက်ရှိသည်။

ယင်းသို့ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ အပါအဝင် လယ်ယာ၊ သားငါး၊ သစ်တော၊ စက်မှု၊ စသည့်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ် ဖော်ဆောင်လျက်ရှိရာ ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက နိုင်ငံတစ်နံတစ်လျားရှိ ဒေသအားလုံးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခြေခံလိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများအပါအဝင် တိုင်းရင်းသားပြည်သူများအားလုံးက ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျရာကဏ္ဍမှ စွမ်းအားအပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မော်လမြိုင်ကျွန်းမြို့နယ် ကျားဟုန်းကျေးရွာ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၃

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် တာဝန်ရှိသူများ၊ ဒေါက်တာမျိုးသန့်တင် ဦးဆောင်သည့် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့်အတူ မေ ၃၁ ရက် နံနက်ပိုင်းတွင် ပြည်တွင်းပြည်ပ အလှူရှင်များမှ ထောက်ပံ့လှူဒါန်းသည့် ဆန်၊ အစားအသောက်များ၊ စောင်များ၊ မိုးကာစများ၊ ဆပ်ပြာ၊ ပေါက်ပြား၊ သွပ်ကြိုးခွေနှင့် ကြက်ဆူဆီသုံးမီးဖိုများကို စက်လှေကြီးများဖြင့်တင်ဆောင်ကာ မော်လမြိုင်ကျွန်းမြို့မှ ထွက်ခွာ၍ လေဘေးသင့်ကျေးရွာဖြစ်သော ကျားဟုန်းကျေးရွာသို့ နံနက် ၁၁ နာရီတွင် ရောက်ရှိကြသည်။

ကျားဟုန်းရွာတွင်နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ဇံနှင့် တာဝန်ရှိသူများနှင့်အတူ ကျားဟုန်းကျေးရွာရှိ လေဘေးသင့် ပြည်သူဦးစံလှ၏ လယ် ၂၉ ဧကအား လက်တွန်းလယ်ထွန်စက်များဖြင့် ထွန်ယက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကျားဟုန်းကျေးရွာ လမ်းမကြီးတစ်လျှောက် ကျေးရွာသားများ၏ နေအိမ်များ ပြန်လည်တည်ဆောက်နေမှု၊ နိုင်ငံတော်နှင့် အလှူရှင်များ ပံ့ပိုးပေးသည့် မိုးကာစများဖြင့် နေအိမ်များ ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည့် မိုးရေကာဖျင်များ ထပ်မံပံ့ပိုး ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွာလယ်ရှိ သောက်သုံးရေကန်ကို ရေငန်များ ပြန်လည်စုပ်ထုတ်သန့်စင်ပြီး မိုးရေများ စတင်သိုလှောင်နေမှု၊ တီဇက်တီအမ်ကုမ္ပဏီမှ တာဝန်ယူပြုပြင် တည်ဆောက်လျက်ရှိသည့် ကျားဟုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန် တက္ကသိုလ်မှ ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာသဇင်လွင်နှင့် အဖွဲ့က ရေငန်လွှမ်းမိုးခဲ့သည့် ရေကန်များ၊ လယ်ကွင်းများရှိ ရေများတွင် ပိုးမွှားရောဂါပိုးများ ကျရောက်နိုင်ခြင်းရှိ၊ မရှိ သုတေသနပြုရန် ရေနမူနာများ စစ်ဆေးရယူနေမှုကို ကြည့်ရှုအားပေးသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့် မော်လမြိုင်ကျွန်းမြို့နယ် ကျားဟုန်းကျေးရွာမှ လေဘေးသင့်ပြည်သူများအား ကြက်ဆူဆီသုံးမီးဖိုများ အပါအဝင် ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက်ပေးအပ်စဉ်။ (နယ်စပ်/စည်ပင်)

ဝန်ကြီးနှင့် အဖွဲ့သည် ကျားဟုန်းကျေးရွာအုပ်စုအတွင်းရှိ ကျားဟုန်း၊ တဲ့တဲ့ကူး၊ ပဒဲကော၊ ငြိမ်းဦး၊ သဲဖြူရွှေဘို၊ လမုတစ်ပင်၊ တောင်သလဲ စသည့် ကျေးရွာများမှ မိမိတို့ကျေးရွာများ၌ ပြန်လည်နေထိုင်၍ အိုးအိမ်များ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်နေကြသည့် ရွာသူ၊ ရွာသားများအား ပေါက်ပြားအလက် ၂၀၀၊ စောင်အထည် ၁၆၀၊ ခြင်ထောင် ၁၆၀၊ ဆပ်ပြာ ၄၀၀၀၊ ကြက်ဆူဆီသုံးမီးဖို ၃၂လုံး၊ ကြက်ဥအလုံး ၂၀၀၀၊ အသားဘူး ၂၀၀၊ ဘီစကစ်ထုပ် ၂၀၀၊ လူသုံးစားကုန်မျိုးစုံ၊ ပဲငါးအိတ်၊ ဆန်အိတ် ၁၂၀၊ သွပ်ကြိုးခွေ ၅၀၊ နိုင်ငံတကာမှ လှူဒါန်းသည့် အမယ်စုံအိတ်များ တစ်ဦးချင်း ဖြန့်ဝေပေးသည်။

မော်လမြိုင်ကျွန်းမြို့နယ် အတွင်းရှိ လေဘေးသင့်ပြည်သူများသည် မူလနေထိုင်ရာကျေးရွာများတွင် ပြန်လည်အခြေချနေထိုင်လျက်ရှိကြပြီး နိုင်ငံတော်မှ လေဘေးသင့်ပြည်သူအားလုံး အမိုးအကာအောက် ရောက်ရှိရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးနှင့် လယ်လုပ်ငန်းများ စတင်နိုင်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာနမှ လက်တွန်း လယ်ထွန်စက်များဖြင့် စတင်ထွန်ယက်ခြင်းလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ စွမ်းအင်ဝန်ကြီးဌာနမှတစ်ဆင့် ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များ၏ လှူဒါန်းငွေကျပ် ၂၃၉၅၂၀၀၀၀ နှင့် ချက်လက်မှတ်ဖြင့် လှူဒါန်းငွေကျပ် ၁၈၆ သိန်းတို့ကို ပေးအပ်လှူဒါန်းစဉ်။
(ဘဏ္ဍာ/အခွန်)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၃

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများအား ဆက်လက် လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ ဇွန် ၂ ရက်က လာရောက်လှူဒါန်းကြသော အလှူငွေများကိုဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ဇွန် ၂ ရက်က လှူဒါန်းကြသော အလှူရှင်များမှာ မစုနွယ်အုန်း (ခေတ္တ-UK) Health Digest ဂျာနယ် ပုဇွန်တောင်က ငွေကျပ် နှစ်သောင်း၊ ဦးအေးနှင့်ဒေါ်ဝင်းဝင်းကြည် မိုးမြင့်စံစတိုး ဒဂုံမြောက်ပိုင်းက ငွေကျပ်တစ်သိန်း၊ ဇေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)နှင့် ဒေါ်တင်နွဲ့အေး (တင်နွဲ့အေး-ပညာရေးတက္ကသိုလ်၊ ကထိက-ငြိမ်း) ရန်ကင်းမြို့နယ်က ငွေကျပ် ငါးသောင်း၊ ဦးကျော်ကျော်တင့်နှင့် ဒေါ်စိုးစိုးကြည်၊ သားမာဗင်အောင်ဆောင်း၏လေးနှစ်ပြည့်မွေးနေ့အလှူ ပုဇွန်တောင်မြို့နယ်က ငွေကျပ် တစ်သိန်း၊ စွမ်းအင်ဝန်ကြီးဌာနမှတစ်ဆင့်ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များ၏ လှူဒါန်းငွေကျပ် ၂၃၉၅၂၀၀၀၀၊ စွမ်းအင်ဝန်ကြီးဌာနမှတစ်ဆင့် ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များက ချက်လက်မှတ်ဖြင့် ငွေကျပ် ၁၈၆ သိန်း၊ ဦးဝင်းဖေနှင့် ဒေါ်အေးအေးမြင့်မိသားစု ဒဂုံမြောက်က ငွေကျပ်တစ်သိန်း၊ ဗိုလ်ချုပ်စိုးမြင့် (ငြိမ်း)နှင့် ဒေါ်တင်တင်ဦး မိသားစု ဗဟန်းမြို့နယ်က ငွေကျပ်သုံးသိန်း၊ ဦးစိုးအောင်နှင့် ဒေါ်ညွန့်ရင်၊ သားဦးသောင်းစိုးမိသားစု ဒဂုံမြို့နယ်က ငွေကျပ်နှစ်သိန်း၊ ဒုတိယဗိုလ်မှူးကြီး မြင့်သွင်(ငြိမ်း)နှင့် ဒေါ်နီနီချိန် မိသားစု အင်းစိန်မြို့နယ်က ငွေကျပ် ၁၅၀၀၀၀၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန(မောင်တော)မှတစ်ဆင့် ဝန်ထမ်းများ၏ အလှူငွေကျပ် ၃၀၀၀၀၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန (မောင်တော)မှတစ်ဆင့် ကုမ္ပဏီများ၏အလှူငွေကျပ်၃၄၀၀၀၀၊ စွမ်းအင်ဝန်ကြီးဌာနမှတစ်ဆင့် ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များ၏ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၆၁၅၀၀နှင့် အက်ဖ်အီးစီ ၁၂၀၀၀ တို့ဖြစ်သည်။

ဇွန် ၂ ရက်တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၂၅၉၅၀၀၀၀၀၊ အမေရိကန်ဒေါ်လာ ၁၆၁၅၀၀နှင့် အက်ဖ်အီးစီ ၁၂၀၀၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့် ဒေသများ စိုက်ပျိုးရေးအတွက် လက်တွန်းထွန်စက်များ လှူဒါန်း

လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေး

ထောက်ပံ့ရေးပစ္စည်းများပေးပို့

လေဘေးသင့်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် **Htoo Trading Co., Ltd** နှင့် **Air Bagan Co., Ltd** တို့မှ ဒုတိယအကြိမ် လှူဒါန်းထားသည့် လက်တွန်းထွန်စက်များ၊ လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်များကို ဇွန် ၂ ရက်က ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ၌ တွေ့ရစဉ်။

(ကြေးမုံ)

ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ဒိန်းမတ်နိုင်ငံကြက်ခြေနီအဖွဲ့မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

(သတင်းစဉ်)

ကျန်းမာရေး စစ်ဆေးကုသ

ဘိုကလေးမြို့နယ် အားကစားရုံနေရာ၌ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ ဆေးအကာအကွယ်ပေးရေး အထူးအဖွဲ့(၂)က ယာယီဆေးရုံဖွင့်လှစ်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးနေစဉ်။

(သတင်းစဉ်)

ကျေးရွာအရောက် သယ်ယူပို့ဆောင်

လေဘေးသင့် ပြည်သူများအတွက်ပေးပို့သည့် ထောက်ပံ့ရေးပစ္စည်းများအား ရန်ကုန်တိုင်းကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ ကျေးရွာများအရောက်ကြက်ခြေနီစေတနာ လုပ်အားရှင်များက သယ်ယူပို့ဆောင်ပေးစဉ်။

(ကြက်ခြေနီ)

ကြည့်ရှု အားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး မော်လမြိုင်ကျွန်း မြို့နယ် ပြည်သူ့ဆေးရုံပြင်ပလူနာ ဌာန၌ လူနာများအား ကြည့်ရှု အားပေးစဉ်။

(သတင်းစဉ်)

✧ **ရှေ့ဖုံးမှ**

ဇွန် ၂ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ရောက်ရှိသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ဒေသခံတပ်ရင်း၏ ရှင်းလင်းဆောင်၌ လေမုန်တိုင်း တိုက်ခတ်မှုခံခဲ့ရသည့် မော်လမြိုင်ကျွန်းမြို့နယ်ကို မူလအနေအထားသို့ပြန်လည်ရောက်ရှိရေးအတွက် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မော်လမြိုင်ကျွန်းမြို့နယ် လေမုန်တိုင်းဒဏ်ခံခဲ့ရမှု၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ လေဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ ဒေသမှ ရေဘေးဒဏ်ခံရသူများအတွက် နေထိုင်ရေး၊ စားသောက်ရေး၊ သောက်သုံးရေရရှိရေး၊ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန် စီစဉ်ပေးခဲ့မှု၊ ပြည်တွင်း၊ ပြည်ပ စေတနာရှင်များ၏ လှူဒါန်းပံ့ပိုးပစ္စည်းများ ဖြန့်ဝေပေးမှု၊ မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ ရုံးအဆောက်အအုံများ၊ ဆေးရုံနှင့် ကျောင်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အေဝမ်းကုမ္ပဏီ၊ တီဇက်တီအမ်ကုမ္ပဏီနှင့် အော်ရီဂျင်နယ်ဂရု(ပ်)တို့က ပြုပြင်ဆောင်ရွက်ပေးမှု၊ ဆန်စက်များ ပြန်လည်ကြိတ်ခွဲနိုင်မှုနှင့် မော်လမြိုင်ကျွန်းမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက မှာကြားရာတွင် လေဘေးသင့်ဒေသများနှင့် စပ်လျဉ်း၍ ကယ်ဆယ် စောင့်ရှောက်ရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်သလောက် ဖြစ်နေပြီဖြစ်ရာ တစ်ဆက်တစ်စပ်တည်းမှာပင် ပြန်လည် တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ မြှင့်တင်ရေး အစီအမံများကို ဆက်လက်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ပြန်လည် တည်ဆောက်ရေး ဆောင်ရွက်ရာတွင် ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊လမ်းတံတားများတည်ဆောက်ရေး၊ ပြည်သူများ၏စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ဆောက်ပေးရေး လုပ်ငန်းများကို တစ်ပြိုင်တည်း စနစ်တကျစီမံဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ ထို့အပြင် နောင်သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက ကာကွယ်နိုင်ရေး အတွက်ပါ မျှော်မှန်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ဒေသတစ်ခုနှင့်တစ်ခု ရေမြေသဘာဝအနေအထား၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းမှု စသည်တို့မှာ ထပ်တူထပ်မျှမဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အားထားသောဒေသ၊ ရေလုပ်ငန်းကို အဓိကလုပ်ကိုင်သောဒေသဟူ၍ ရှိကြောင်း။

ထို့ကြောင့် ဒေသတစ်ခု၏ ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ဆောက်ပေးရာတွင် ဒေသတစ်ခုချင်းစီ၏ အခြေအနေနှင့် လိုအပ်ချက်ကို သိရှိဖြည့်ဆည်းပေးနိုင်မှ လုပ်ငန်းများ ထိရောက်အောင်မြင်မှာဖြစ်ကြောင်း။

သို့ဖြစ်၍ မိမိနှင့်အဖွဲ့သည် ပုသိမ်မြို့တွင်အခြေစိုက်ပြီး လေဘေးသင့် ဒေသအသီးသီးရှိ အခြေခံဒေသများအထိရောက်ရှိအောင် လာရောက်၍ ဒေသအခြေအနေများကို ကြည့်ရှုမေးမြန်းအားပေးကာ ပုသိမ်မြို့သို့ ပြန်ရောက်သည်နှင့် ဒေသတာဝန်ခံ ဝန်ကြီးများ၊ ကူညီပံ့ပိုးဆောင်ရွက်နေသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးပြီး ဒေသ တစ်ခုချင်းအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်က ပံ့ပိုးပေးရမည့်လိုအပ်ချက်များကို ချက်ချင်းချမှတ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မုန်တိုင်းကြောင့် လဲကျခဲ့သည့် သစ်ပင်များ ပြန်လည်ရှင်းလင်းပြီး သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ထားသည့် မော်လမြိုင်ကျွန်းမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားနေသည့် မြို့မဈေးနှင့် ကမ်းနားအခြေအနေတို့ကိုလည်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး မြို့နယ်ဆရာဝန်နှင့် သူနာပြုများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီးတို့မှ လာရောက်ကူညီကုသပေးနေကြသည့် ပါရဂူများ၊ဆရာဝန်၊ဆရာမများအား နှုတ်ဆက်အားပေးကြသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌တက်ရောက်ကုသနေကြသူများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဘိုကလေးမြို့နယ် အားကစားရုံနေရာ၌ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ ဆေးအကာအကွယ်ပေးရေးအထူးအဖွဲ့(၂)က ယာယီဆေးရုံ ဖွင့်လှစ်၍ ဒေသခံပြည်သူများအား ကျန်းမာရေး စစ်ဆေး ကုသပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။(သတင်းစဉ်)

❍ စာမျက်နှာ ၄ မှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပြင်ပလူနာဌာန၌ လူနာများအား စစ်ဆေးကုသပေးနေမှုများနှင့် ဆေးရုံ၌ တက်ရောက်ကုသနေကြသူများအား လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဆေးရုံနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအားမှာကြားပြီး ခုတင်(၁၀၀)ဆံ့ မြို့နယ်ဆေးရုံအဖြစ် ဆောက်လုပ်ရန် လျာထားသည့်နေရာကို သွားရောက်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့မှ ဘိုကလေးမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ရှေးဦးစွာ လေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုရုံး၌ဘိုကလေးမြို့ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိသည့် သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဘိုကလေးမြို့နယ်၌ လေမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ပြီးစီးမှု၊ လေဘေးသင့်ပြည်သူများ နေထိုင်ရေး၊ စားသောက်ရေး၊ မိမိတို့၏လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ မြို့နယ်အတွင်း အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ နေအိမ်များ၊ ရုံးများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မိုးစပါးအချိန်မီ စိုက်ပျိုးရေးအတွက် လိုအပ်သည်များဖြည့်ဆည်းပေးရန် တွက်ချက်စီမံထားမှု၊ ဆန်စက်များ၊ ဟာလာစက်များ လည်ပတ်ကြိတ်ခွဲနိုင်မှု၊ သောက်သုံးရေရရှိရေး စီစဉ်ဆောင်ရွက်ထားမှု၊ မြို့မီးလင်းရေးဆောင်ရွက်ထားမှု၊ ထူးထရေးဒင်း ကုမ္ပဏီနှင့်ဒိုင်းမွန်းမာကျူရီကုမ္ပဏီတို့က ဘိုကလေးမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး မြို့နယ်ဆရာဝန်နှင့် ဆရာဝန်များ၊ သူနာပြုများ၊ ဒေသတွင်လာရောက်ကူညီနေသော နေပြည်တော်ကျန်းမာရေး ဦးစီးဌာန(ရုံးချုပ်)မှဆရာဝန်ကြီးများ၊ ရန်ကုန်စိတ်ကျန်းမာရေးအထူးကုဆေးရုံကြီး၊ တောင်ငူပြည်သူ့ဆေးရုံကြီးတို့မှ ပါရဂူများ၊ ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လူနာများအား လိုက်လံနှုတ်ဆက်အားပေးပြီး ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်ရေးအတွက် လိုအပ်သည့်အဆောင်များ တိုးချဲ့ဆောက်လုပ်နိုင်မည့်နေရာတို့ကို ကြည့်ရှုကြသည်။

ယင်းနောက်ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားသည့် ဘိုကလေးမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မြို့နယ်အားကစားရုံနေရာ၌ ဒုတိယဗိုလ်မှူးကြီးကျင်ထွန်း ခေါင်းဆောင်သည့် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ ဆေးအကာအကွယ်ပေးရေး အထူးအဖွဲ့(၂)က ယာယီဆေးရုံဖွင့်လှစ်၍ ဒေသခံပြည်သူများအား ကျန်းမာရေး စစ်ဆေးကုသပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံ၌ လူနာများအားကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ယင်းနေရာ၌ပင် ဒေသခံပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိသည့် အိန္ဒိယသမ္မတနိုင်ငံမှ Dr.Prafull ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေးအဖွဲ့အား နှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့မှ လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လှိုင်းဘုန်းကျေးရွာအတွင်း ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းမှ လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဆေးခန်းကိုကြည့်ရှုကြပြီး လေဘေးသင့်ပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိသည့် ဆရာဝန်များ၊ ကျန်းမာရေးမှူးများနှင့် သူနာပြုများအား လည်းကောင်း၊ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးကိစ္စအပါအဝင် လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည့် လှိုင်းဘုန်းကျေးရွာမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား လည်းကောင်း နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လှိုင်းဘုန်းကျေးရွာကို ဝင်ရောက်ကြည့်ရှုကြပြီး သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများ၊ မိသားစုအလိုက်စားဝတ်နေရေး အခြေအနေများ၊ ကလေးငယ်များ၏ ပညာရေးအခြေအနေများကို မေးမြန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာမှ သိပ္ပံကုန်းကြီးကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ဒေသခံ ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံ၍ လိုအပ်ချက်များကို မေးမြန်းကာ ကျေးရွာပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးမည့်အစီအမံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် သိပ္ပံကုန်းကြီးကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း အဆောက်အအုံများ ပြန်လည်ပြင်ဆင်နေသည့် အခြေအနေကို ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သိပ္ပံကုန်းကြီးကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

အခြေခံပညာကျောင်းများဖွင့်လှစ်မှုအခြေအနေ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အခြေခံပညာကျောင်းများ ဖွင့်လှစ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ နေပြည်တော် ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ခရိုင်ပညာရေးမှူး ဦးလှထူးနှင့် ကျောင်းအုပ်ကြီး ဦးစိုးလှိုင်တို့က ကျောင်းအပ်နှံမှု၊ ပြဋ္ဌာန်းစာအုပ်များ၊ကျောင်းသုံး စာအုပ်နှင့် စာရေးကိရိယာများ ပြည့်စုံလုံလောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် စာသင်ခန်းများအတွင်း သင်ကြားသင်ယူနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ပျဉ်းမနား အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် မင်္ဂလာရပ် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းများသို့ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

လပွတ္တာမြို့နယ် လေဘေး၊ရေဘေးသင့် ကျေးရွာများသို့ ကယ်ဆယ်ရေးပစ္စည်းနှင့် ငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၃

ဒဂုံမြို့သစ်တောင်ပိုင်း နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အသင်းတိုက် ပဓာန နာယကဆရာတော် တိပိဋကပါဠိပါရဂူ၊ ရွှေရတုတိပိဋကဓရ၊ တိပိဋကကောဝိဒ၊တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ၊ (မော်ကျွန်း တိပိဋကဆရာတော်) ဦးဆောင်၍ အလှူရှင် တပည့်တကာမများ မော်လမြိုင်ကျွန်းမြို့နယ်အသင်းသူ၊ အသင်းသားများနှင့် ကျန်းမာရေးကူညီစောင့်ရှောက်သည့် ဆရာဝန်၊ ဆရာမတို့သည် မေ ၂၇ရက်နှင့် ၂၈ရက်များတွင် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ၁၄ရွာနှင့် အလယ်ရေကျော် ကျေးရွာအုပ်စုအတွင်း ကျေးရွာ ၁၆ရွာသို့ သွားရောက်ပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်၊ အာလူး၊ သောက်ရေသန့်၊ **အဝတ်အထည်များ လှူဖွယ်ပစ္စည်းစုံပါသော ပလတ်စတစ်ရေပုံးများ၊ ရေစစ်ဘူး၊ ရေသန့်ဆေးရည်** (Water Guard) ပန်းကန်၊ ဇွန်း၊ ထီး၊ ဖိနပ်နှင့် ရေလောင်းအိမ်သာခွက်များ စုစုပေါင်း ကျပ်သိန်း ၁၀၀၀ကျော်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို၊ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများမှတစ်ဆင့် ခွဲဝေလှူဒါန်းသည့်အပြင်ကျေးရွာ ၃၀ရှိ ဒုက္ခသည် ၆၀၀၀ကျော်အား ကလေး၊ လူကြီး မကျန် တစ်ဦးလျှင်ငွေကျပ်၁၀၀၀နှုန်းဖြင့် လှူဒါန်းကူညီ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မော်ကျွန်း တိပိဋကဆရာတော် ဦးဆောင်သော လေဘေးကယ်ဆယ်ရေးအဖွဲ့သည် တတိယအကြိမ်အဖြစ် ဇွန် ၁၀ ရက်တွင် ဘိုကလေးမြို့နယ်အတွင်းရှိ လေဘေး၊ရေဘေးသင့်ကျေးရွာများသို့ထပ်မံသွားရောက်လှူဒါန်းကူညီ ထောက်ပံ့မည်ဖြစ်ရာ မော်ကျွန်းတိပိဋကဆရာတော် ဖုန်း-၅၉၀၄၆၆နှင့် ဦးပညိန္ဒ ၀၉-၈၀-၂၂၈၆၀၊ မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်) အသင်းဒုတိယဥက္ကဋ္ဌဦးသောင်းညွန့် ဖုန်း-၆၈၇၆၀၅၊ ၀၉-၅၀-၀၆၄၉၃၊ အသင်းအတွင်းရေးမှူး၊ ဦးစိုးပိုင် ဖုန်း-၂၄၀၉၅၄၊ မြန်မာမျက်မှန်ဆိုင် ရွှေဘုံသာလမ်းတို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သောက်သုံးရေနှင့် ပတ်သက်၍ သတိပေးနှိုးဆော်ချက်

❖ မသန့်ရှင်းသောသောက်ရေ၊ သုံးရေများကြောင့် ပြည်သူအများ ဝမ်းပျက်ဝမ်းလျှောရောဂါအန္တရာယ် ကျရောက်နိုင်ပါသည်။

❖ သောက်ရေ၊ သုံးရေ မှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်းဆေးခတ်ပြီးမှဖြစ်စေ သောက်သုံးပါ။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ သောက်သုံးရန် မသင့်ဟု ကြေညာထားသော သောက်ရေသန့်များကို မသောက်သုံးသင့်ပါ။

❖ ရေသန့်ပင်ဖြစ်လင့်ကစား မသောက်ပါက ရေကို ကျိုချက်ပြီးမှ သောက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဒါမှတကယ့် Mandate အစစ်

လေ့လာသူတစ်ဦး

ဖွံ့စည်းပုံ အခြေခံဥပဒေဆိုတာဟာ အစိုးရနဲ့ ပြည်သူလူထု နှစ်ဦးနှစ်ဖက်အကြား ချုပ်ဆိုထားတဲ့ သဘောတူညီချက် ပဋိညာဉ်စာချုပ်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတစ်ခုအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးစုပေါင်းစုံရဲ့ ပေါင်းစည်းနေထိုင်မှု ပဋိညာဉ်စာချုပ်လို့လည်း ပြောလို့ရတယ်။

အခုအခါမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို နိုင်ငံတော်တစ်ဝန်းလုံးမှာရှိတဲ့ မြို့နယ် ၃၂၅ မြို့နယ်စလုံးမှာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်တယ်။ ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေ ၂၇ သန်းကျော် (၂၇၂၈၈၈၂၇) ဦးအနက် (၉၈ ဒသမ ၁၂) ရာခိုင်နှုန်းဖြစ်တဲ့ လူဦးရေ ၂၆ သန်းကျော် ၂၇ သန်းနီးပါး (၂၆၇၇၆၆၇၅) ဦးလာရောက် ဆန္ဒမဲပေးခဲ့ကြတယ်။

အဲဒီလို လာရောက်ဆန္ဒမဲပေးသူများအနက် ၂၅ သန်းနီးပါး (၂၄၇၆၄၁၂၄) ဦးက ထောက်ခံဆန္ဒမဲပေးကြတာမို့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပေးဖို့ ထောက်ခံတဲ့ ရာခိုင်နှုန်းဟာ (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းအထိရှိနေတာတွေ့ရပါတယ်။ ဒါကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးက အတည်ပြု ပြဋ္ဌာန်းပေးလိုက်ပြီ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ ပြည်သူလူထုအများစုရဲ့ သဘောတူညီချက်ရရှိဖို့ အထူးလိုအပ်တယ်လို့ ဆိုစမှတ် ပြုခဲ့ကြတယ် မဟုတ်လား။ ဖြစ်နိုင်လို့ (၉၉ ဒသမ ၉၉) ရာခိုင်နှုန်းရရင်တော့ အကောင်းဆုံးပေါ့။ ဒါပေမယ့် အခု (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် သက်ဝင်ရှင်သန်ခိုင်ခဲ့ဖို့ ပြည့်စုံလုံလောက်တဲ့ အတိုင်းအတာပမာဏထက်တောင် ကျော်လွန်နေတာ ဖြစ်ပါတယ်။

နိုင်ငံတော်တစ်ရပ် အနာဂတ်မှာ အဓွန့်ရှည်ကြာစွာ ရပ်တည်ရှင်သန်နေစေဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ထက်ဝက်ကျော် သဘောတူရုံနဲ့ ဆိုရင်တောင် မလုံလောက်ပါဘူး။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးရဲ့ အစိတ်အပိုင်း အခန်းကဏ္ဍ အများစုရဲ့ သဘောတူညီမှု၊ ထောက်ခံအတည် ပြုမှုရရှိမှသာ စိတ်ချရတဲ့ အနေအထားလို့ ဆိုနိုင်ပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုဖို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့စဉ်က ထောက်ခံမဲ (၉၀ ဒသမ ၁၉) ရာခိုင်နှုန်းပဲ ရရှိခဲ့တယ်။ အဲဒီတုန်းက တစ်ပါတီစနစ်ဖြစ်တယ်။ ယနေ့ကာလလောက် ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်မှုမျိုးမရှိခဲ့ဘူး။ အဲဒီလိုကာလကရခဲ့တဲ့ ထောက်ခံမှုနဲ့ ယနေ့ရတဲ့ ထောက်ခံမှုက ပိုသာနေတာတွေ့ရတယ်။

အခု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းကို (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းက သဘောတူကြတယ်၊ ထောက်ခံ အတည်ပြုကြတယ်ဆိုတာ ဘာကိုပြဆိုနေသလဲ။

မိဘဘိုးဘွားတွေ သမိုင်းစဉ် တစ်လျှောက် စုရုံးတည်ထောင်ခဲ့တဲ့ ပြည်ထောင်စုကြီးမပြိုမကွဲဘဲ အဓွန့်ရှည် တည်တံ့ခိုင်မြဲအောင် လက်တွဲတည်ဆောက် ကာကွယ်စောင့်ရှောက်သွားကြမယ်၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့တပ်မတော်တို့ တစ်စိတ်တစ်ဝမ်းတည်း၊ တစ်သွေးတစ်သား တည်း လက်တွဲရပ်တည်နေတယ်၊ အနာဂတ်မြန်မာနိုင်ငံတော်ရဲ့ အမျိုး သားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်က ပါဝင်ထမ်းဆောင်ရေးကို ပြည်သူလူထုက ယုံကြည်လက်ခံလျက်ရှိနေတယ်၊ အနာဂတ် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီအားသုံးအားနဲ့ ပူးပေါင်း တည်ဆောက်သွားကြမယ်ဆိုတာကို အထင်ကရ မီးမောင်းထိုးပြလိုက် တာပဲ ဖြစ်ပါတယ်။ ဒါတွေဟာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးရဲ့ နိုင်ငံရေး အနှစ်သာရဖြစ်တယ်။

ဒါ့အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ခုနှစ်) အခန်း(၁၄) ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ ပုဒ်မ-၄၄၂ မှာ ပြဋ္ဌာန်းထားတဲ့ **“ဤဖွဲ့စည်းပုံအခြေခံ ဥပဒေ အာဏာ မတည်မီ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်လက် ကျင့်သုံးဆောင်ရွက်ရမည်”** ဆိုတဲ့ ပြဋ္ဌာန်းချက်ကို ထောက်ခံအတည်ပြုလိုက်တာလည်း ဖြစ်ပါ တယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလည်း လာမယ့် ၂၀၁၀ ပြည့်နှစ်မှာ တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူ အုပ်ချုပ်နေရာကနေ ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ကျင်းပပေးသွားမယ်လို့ ကြေညာထားတာ အားလုံးအသိပါပဲ။

အခုလို ပြည်သူလူထုအများစုကြီးက အခြေခံဥပဒေကို ထောက်ခံအတည်ပြုလိုက်တာဟာ ၁၉၈၈ ခုနှစ်မှာဖြစ်ပေါ်ခဲ့တဲ့ ပြည်သူလူထုရဲ့ ဆန္ဒအမှန် ပဲ့တင်သံ၊ မျှော်လင့်ချက်အမှန် ရောင်ပြန်လို့ ဆိုနိုင်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို လိုလားသလို ပြည်ထောင်စုစနစ်နဲ့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒ၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးချက်နဲ့ အညီ နေထိုင်ရေးတို့ကို နှစ်သက်လက်ခံတဲ့ ပြည်သူလူထုရဲ့ လိုအင် ဆန္ဒနဲ့အညီ အခြေခံဥပဒေက အကောင်းဆုံး ပြန်လည်ဖော်ဆောင်ပေးသွားနိုင်တော့မှာ ဖြစ်ပါတယ်။

မိဘဘိုးဘွားတွေ သမိုင်းစဉ်တစ်လျှောက် စုရုံးတည်ထောင်ခဲ့တဲ့ ပြည်ထောင်စုကြီးမပြိုမကွဲဘဲ အဓွန့်ရှည် တည်တံ့ခိုင်မြဲအောင် လက်တွဲတည်ဆောက် ကာကွယ်စောင့်ရှောက်သွားကြမယ်၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ တစ်စိတ်တစ်ဝမ်းတည်း၊ တစ်သွေးတစ်သားတည်း လက်တွဲရပ်တည်နေတယ်၊ အနာဂတ်မြန်မာ နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်က ပါဝင်ထမ်းဆောင်ရေးကို ပြည်သူ လူထုက ယုံကြည်လက်ခံလျက်ရှိနေတယ်၊ အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီအားသုံးအားနဲ့ ပူးပေါင်း တည်ဆောက်သွားကြမယ်ဆိုတာကို အထင်ကရ မီးမောင်းထိုးပြလိုက်တာပဲ ဖြစ်ပါတယ်။ ဒါတွေဟာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးရဲ့ နိုင်ငံရေးအနှစ်သာရဖြစ်တယ်။

အခုဆို ပြည်သူလူထုက မိမိတို့ရဲ့ အနာဂတ်လမ်းကို ကိုယ်တိုင်ကိုယ်ကျ ပြဋ္ဌာန်းလိုက်ပြီဖြစ်သလို အနာဂတ် နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာဆိုင်ရာ လုပ်ပိုင်ခွင့်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေအား လုပ်ပိုင်ခွင့် အာဏာ (Mandate) ပေးလိုက်ပြီ ဖြစ်ပါတယ်။

အဲဒီလုပ်ပိုင်ခွင့်အာဏာ (Mandate) ပေးလိုက်ခြင်းဟာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသေဆုပ်ကိုင်ပြီး ပြည်သူလူထု၏ လုပ်ပိုင်ခွင့်အာဏာ (Mandate) အပ်နှင်းခြင်းခံရသော NLD လို့ ယနေ့ ထက်တိုင် အလွဲလွဲအမှားမှား၊ တရားသေ၊ လျှန်းဓားထစ် မှတ်ယူနေသူများ အတွက် ၎င်းတို့ရဲ့ ရပ်တည်မှု သဘောထားနဲ့ မူဝါဒအမှားကို ပြန်လည်ဝေဖန်သုံးသပ်ဖို့၊ မှားယွင်းသော လုပ်ရပ်တွေကို ရပ်တန့်ကရပ်ဖို့ သတိပေးလိုက်တာလို့လည်း ဆိုနိုင်ပါတယ်။

၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တုန်းက ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုင်ငံရေးပါတီပေါင်း ၉၃ ပါတီမှ ကိုယ်စားလှယ် ပေါင်း ၂၂၀၉ ဦးနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၈၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီတုန်းက နိုင်ငံတော်ရဲ့ လူဦးရေအရ အသက် (၁၈) နှစ်ပြည့်ပြီးဖြစ်တဲ့ မဲပေးပိုင်ခွင့်ရှိသူ လူဦးရေဟာ သန်း ၂၀ ကျော် (၂၀၈၁၈၃၁၃) ဦးဖြစ်ပြီး လာရောက်မဲပေးသူက ၁၅ သန်းကျော် (၁၅၁၂၂၅၂၄) ဦး ဖြစ်ပါတယ်။ ထိုအချိန်ကာလက NLD ရရှိခဲ့တဲ့ မဲအရေအတွက်ဟာ ခုနစ် သန်းကျော် (၇၉၃၄၆၂၂) မဲသာ ဖြစ်တာမို့ မဲပေးပိုင်ခွင့်ရှိသူဦးရေရဲ့ (၃၈ ဒသမ ၁၁၃၆၆) ရာခိုင်နှုန်းပဲရှိတယ်၊ သုံးပုံတစ်ပုံမျှသာဖြစ်တယ်ဆိုတာ မှတ်တမ်းတင်ထားပြီး ဖြစ်ပါတယ်။

ဒါကို တစ်ပြည်လုံးက လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ၎င်းတို့ကို ထောက်ခံသယောင် ဟန်ဆောင်ရင်း ပုံမှားရိုက်နေတဲ့ NLD နဲ့ အပေါင်းပါတွေက တလွဲဆံပင်ကောင်းပြီး အာဏာလွှဲပြောင်းရေးက ပထမ၊ အခြေခံဥပဒေရေးဆွဲရေးက ဒုတိယလို့ ၁၉၉၀ ပြည့်နှစ် ဇူလိုင်လမှာ ဂန္ဒီခန်းမကြေညာချက်နဲ့ စည်းအပြင်ဘက်ကို ထွက်ခဲ့တယ်။ တကယ်တော့ NLD အနေနဲ့ ကိုယ်စားလှယ်အများစု အနိုင်ရတာ မှန်ပေမယ့် အဲဒီရလဒ်ကို ပြည်သူလူထု ထောက်ခံမှု အများဆုံးရရှိတယ် ဆိုတဲ့ ပေတံနဲ့ သွားတိုင်းလိုက်ချိန်ကစပြီး အမှားကြီးမှားလာခဲ့တာ တွေ့ရတယ်။

ပထမဆုံးအမှားက ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးမူဝါဒကို ကျင့်သုံးခဲ့တာပါပဲ။ ဆက်ပြီး တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံ ပျက်သုဉ်းရေး ကြိုက်ရာရွေးလို့ ခြိမ်းခြောက်ခဲ့တယ်။ ပြည်ပအားကိုးနဲ့ အကျပ်ကိုင်ဖို့အတွက် စီးပွားရေး ဟန့်တားပိတ်ဆို့ပေးဖို့ အတိအလင်း တောင်းဆိုခဲ့တယ်။ နိုင်ငံကြီးအချို့ရဲ့ ပိတ်ဆို့ဟန့်တားမှုတွေကို သခင်အားရ ကျွန်းပါးဝလုပ်ပြီး ပြောင်ပြောင် တင်းတင်း ထောက်ခံခဲ့တယ်။ လွှတ်တော်ကို ဇွတ်ခေါ်မယ်ဆိုပြီး သွေးတိုးစမ်း လုပ်ဆောင်ခဲ့တယ်။ အကြမ်းဖက် အဖျက်သမားတွေကို ဒီမိုကရေစီရေး လှုပ်ရှားနေသူများလို့ အမွှန်းတင်ပြီး မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် လုပ်လာခဲ့တာ ယနေ့အထိပါပဲ။ ပြည်ပမှ ဟန့်တားပိတ်ဆို့ရုံမကဘဲ နိုင်ငံတော်ကို ကျူးကျော် စော်ကားလာဖို့ အထိ ရေလာမြောင်းပေးစကားတွေနဲ့ သူခိုးဓားရိုးကမ်းဖို့ ကြံစည်ခဲ့တာ အားလုံးအသိပါ။

အဲဒီ အဖျက်လုပ်ရပ်မျိုးစုံကို တစ်ဖက်ကမ်းခတ်အောင် မကဘဲ ကမ်းကုန်အောင် လုပ်လာတာကို ပြည်သူလူထုက လက်ခုပ်လက်ဝါးတီးပြီး အားပေးမယ်လို့ NLD နဲ့ အပေါင်းပါတွေက ထင်ထားခဲ့ကြတယ်။ ဒါပေမယ့် ပြည်သူလူထုရဲ့ လက်ရုံးဆန့်တန်းပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချမှုတွေကိုသာ NLD ရခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။

၁၉၉၆ ခုနှစ်နောက်ပိုင်း ကာလတစ်လျှောက်မှာ ပြည်သူတွေက လူထုအစည်းအဝေးပွဲကြီးတွေ ဆက်တိုက်ကျင်းပပြီး ပြည်ပအားကိုး ပုဆိန်ရိုးလုပ်နေတဲ့ NLD ပါတီကို ဖျက်သိမ်းပေးဖို့အထိ တောင်းဆိုခဲ့ကြတယ်။ ၁၉၉၀ ပြည့်နှစ်တုန်းက NLD ကို ထောက်ခံမိမှားခဲ့တဲ့ မဲဆန္ဒရှင် ပြည်သူတွေ ကိုယ်တိုင်ကလည်း NLD ကိုယ်စားလှယ်တွေကို ပြန်လည် ဖြုတ်ချခွင့် (Right of recall) အရ ဟိုတုန်းကပေးခဲ့တဲ့ မဲ ထက်ပိုများတဲ့ မဲအရေအတွက်နဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်း ခဲ့ကြတယ်။

အဲဒီလို ယခင်က ထောက်ခံခဲ့တဲ့ ခုနစ်သန်းကျော်မျှသော မဲဆန္ဒရှင် ပြည်သူတွေရဲ့ မူရင်းဆန္ဒနဲ့ ကင်းကွာရုံမက ထိပ်တိုက်ဆန့်ကျင်လုပ်ဆောင်နေတဲ့ NLD ဗဟိုရဲ့လုပ်ရပ်ကို လက်အောက်ခံ ပါတီဝင်တွေကိုယ်တိုင်ကလည်း စက်ဆုပ်ရွံရှာလာခဲ့တယ်။ ဒါကြောင့်မို့ NLD ပါတီကို လက်ပြ နှုတ်ဆက် လမ်းခွဲထွက်ခဲ့တဲ့ ပါတီဝင်တွေ နေ့စဉ်နဲ့အမျှ ရှိလာခဲ့တယ်။ ပြည်သူနဲ့ကင်းကွာပြီး ပြည်ပအားကိုးလွန်းနေတဲ့ NLD ဟာ နိုင်ငံရေး ချွတ်ခြုံကျရုံမက ပါတီတွင်း ဒီမိုကရေစီကျင့်သုံးမှု လုံးဝမရှိတော့တာမို့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ စည်းကော်မတီဝင်တွေ အထိ တဖွဲဖွဲနှုတ်ထွက်ခဲ့ကြတယ်။ ဒါတွေအားလုံးဟာ NLD ရဲ့ ဘယ်သူမပြုမိမိမှုပဲဖြစ်တယ်။ မျိုးစေ့မမှန်လို့ အပင်မသန်ခဲ့တာ ထူးဆန်းတဲ့ အရာမဟုတ်ပါဘူး။ ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲမှာ ကန့်ကွက်မဲထည့်ကြဖို့ တရားဥပဒေကို လူသိထင်ရှား ချိုးဖောက်ပြီး စည်းရုံးလှုံ့ဆော်ခဲ့ပြန်ပါတယ်။ ဒါဟာ ပြည်သူလူထုကို နလပိန်းတုံးတွေရယ်လို့ အထင်သေး၊ အမြင်သေးပြီး စော်ကားမော်ကား ပြုခဲ့တာပါပဲ။

အဲဒီလို ရှေ့တိုးရင် နယ်ချဲ့ထမ်းပိုး၊ နောက်ဆုတ်ရင် နယ်ချဲ့လှည်းတုတ် ဘဝရောက်နေရတဲ့ NLD ဟာ ဆုပ်လည်းစူး၊ စားလည်း ရှူးဖြစ်နေတာမို့ သေမထူး၊ နေမထူးဆိုပြီး ဘာဆက်လုပ်ခဲ့သလဲ။

ဒါဟာ ဥပဒေ အထက်မှာ ဘယ်သူမှမရှိ (No man is above the law) လို့ ဥပဒေကို လိုတစ်မျိုး၊ မလိုတစ်မျိုး မျှော့ကြိုးလို ကိုးကားဝါဒဖြန့်နေတဲ့ NLD ကိုယ်တိုင် ဥပဒေအထက်မှာ တက်နေပြလိုက်တာပဲ ဖြစ်တယ်။ ၁၉၉၀ ပြည့်နှစ်ကတည်းက အာဏာလွှဲပြောင်းရေးက ပထမ၊ အခြေခံဥပဒေရေးဆွဲရေးက ဒုတိယဆိုပြီး ဥပဒေအထက်မှာ တက်နေပြတဲ့ NLD ကို ငယ်မွေးခြံပေါက် ပါတီဝင်တွေ ကိုယ်တိုင် ဆန့်ကျင်နေပြီဆိုမှတော့ ပြည်သူလူထုက အုံ့ဩနှုတ်လုံးနာနေသလား ဗေဒင်သွားမေးရင် ငွေကုန်ရုံပဲရှိမယ်၊ အခုပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ပြည်သူလူထုက မိမိတို့ရဲ့ သဘောဆန္ဒကို လက်တွေ့ပြခဲ့ကြတာဟာ အဖြေမှန်ပဲ ဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ လုပ်ပိုင်ခွင့်အာဏာ (Mandate) ရထားတယ်ဆိုတဲ့ NLD ကို ပြည်သူလူထုက လုပ်ပိုင်ခွင့်အာဏာ (Mandate) ဆိုတာ ဘာလဲ၊ တကယ့် (Mandate) ဆိုတာဒါပဲလို့ ကွဲကွဲပြားပြား ခွဲခြားပြလိုက်ပြီဖြစ်တယ်။

ချစ်လုံးလုံး၊ မုန်းလျှားလျှားဆိုတဲ့ မြန်မာ့ဆိုရိုးစကား ရှိတယ် မဟုတ်လား။ မယုံတစ်ဝက်၊ ယုံတစ်ဝက်ဆိုတာလည်းရှိသေးရဲ့။ ၁၉၉၀ ရွေးကောက်ပွဲတုန်းက NLD ကိုမဲပေးခွင့်ရှိသူအားလုံးရဲ့ သုံးပုံတစ်ပုံမျှရှိတဲ့ အရေအတွက်က မဲပေးကြည့်ခဲ့တာဟာ ဘာသဘောကိုဆောင်နေခဲ့သလဲ။ အဓိကကတော့ NLD ရဲ့ အရည်အချင်းကို မယုံတစ်ဝက်၊ ယုံတစ်ဝက် ဖြစ်နေရုံမကပါဘူး။ သုံးခွက်တစ်ခွက်တင်ပြီး ကျိုကြည့်လိုက်တာပါပဲ။ ခုတော့ ကြာကြာဝါးမှ ခါးမှန်းသိခဲ့ပြီလေ။ ဒါတောင် NLDနဲ့ အပေါင်းပါတွေက ကျားကျား-မီးယပ် လုပ်နေကြတုန်းပါပဲ။ နောက်ဆုံးမှာ ကိုယ့်အပြောနဲ့ ကိုယ့်လုပ် ရပ်ကို NLD ကသာ တာဝန်ယူရတော့မှာ ဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ်က မဲပေးခွင့်ရှိသူ သန်း ၂၀ ကျော်၊ အခု ၂၀၀၈ ခုနှစ်မှာ ၂၇ သန်းကျော်၊ ၁၉၉၀ ပြည့်နှစ်တုန်းက မဲပေးခဲ့သူ ၁၅ သန်းကျော် အခု ၂၀၀၈ ခုနှစ်မှာ မဲပေးသူ ၂၆ သန်းကျော်၊ NLD ကို ထောက်ခံမဲပေးခဲ့တဲ့ ရာခိုင်နှုန်းက (၃၈ ဒသမ ၁၁၃၆၆) ရာခိုင်နှုန်း၊ အခုအခြေခံဥပဒေကို ထောက်ခံမဲပေးတဲ့ ရာခိုင်နှုန်းက (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းဆိုတော့ အရေအတွက်အရရော အရည်အသွေးအရပါ ကွာခြားလွန်းနေတာ တွေ့ရှိနိုင်ပါတယ်။ ဒါဟာ အသိပညာဗဟုသုတ ကြွယ်ဝမှု၊ ဉာဏ်အမြော်အမြင် ရင့်ကျက်နက်ရှိုင်းမှုများနဲ့အတူ ပြည်သူ လူထုက လူကိုမရွေးဘဲ မူကို ရွေးခဲ့တာဖြစ်တယ်။ ပြည်ပအားကိုးသူတွေ၊ သူခိုး ဓားရိုးကမ်းသူတွေ၊ တိုင်းပြည်နဲ့ လူမျိုးအကျိုး ဖော်ဆောင်နိုင်ခြင်း မရှိသူတွေကို ထားရစ်ခဲ့ပြီ၊ အခြေခံဥပဒေကို ပြည်သူလူထုက Mandate ပေးလိုက်ပြီ၊ ဒါမှ တကယ့် Mandate အစစ်ဖြစ်ကြောင်း သုံးသပ် တင်ပြလိုက်ရပါ တယ်။ ။

ကွမ်းခြံကုန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှု တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် ဇွန် ၃

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂ ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ် ညောင်ငူကျေးရွာ ဒေးမြန်မာအခြေခံပညာ မူလတန်းကျောင်းသို့ရောက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးနှင့် တာဝန်ရှိသူများက ယာယီစာသင်ဆောင်နှင့် ရေအိမ်များဆောက်လုပ်မှု၊ ကျောင်းသုံး ပရိဘောဂနှင့် စာရေးကိရိယာများ ပံ့ပိုးဖြည့်ဆည်းပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားပံ့ပိုးဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှငွေးဝင်း ကွမ်းခြံကုန်းမြို့နယ်ထန်းတောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ရွက်ဖျင်တဲ စာသင်ဆောင်ဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် ကမာပါကျေးရွာ၌ အေးရှားဝေါလ်ကုမ္ပဏီမှ ဒေသထွက် မျောတိုင်၊ ဝါးတို့ဖြင့် ဈေးနှုန်းသက်သာစွာ ဆောက်လုပ်ပေးလျက်ရှိသော တန်ဖိုးနည်းအိမ်ရာများကို ကြည့်ရှုစစ်ဆေး၍ ထန်းတောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ရွက်ဖျင်တဲစာသင်ဆောင်ဖြင့်ကျောင်းသား၊ ကျောင်းသူများပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့်တိုင်းမှူးနှင့်အဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ် အားကစားကွင်းရှိ လေဘေးသင့် ကယ်ဆယ်ရေးစခန်းအတွင်း ဆေးတပ်ဖွဲ့ဝင်များနှင့် သူနာပြုများကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးသည်ကွမ်းခြံကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဇဝနအားလှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်တိုင်းမှူးသည်လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားပြီး ဆန်၊ ရေသန့်၊ စားသောက်ကုန်များ၊ အဝတ်အထည်၊ မိုးကာတဲနှင့် တာပေါ်လင်စများ ထောက်ပံ့ပေးအပ်သည်။

ယင်းမှတစ်ဆင့်တိုင်းမှူးသည်ကွမ်းခြံကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဇာတိမာန်ခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍လိုအပ်သည်များကိုမှာကြားကာ မြို့နယ်အတွင်းရှိကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းသုံး စာရေးကိရိယာများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ် ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံတက် လူနာများအား ကြည့်ရှုအားပေးပြီး ဆေးရုံအတွင်း ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့်ဧရာဝတီတိုင်းဒေးဒရဲမြို့နယ်များသို့ သွယ်တန်းလျက်ရှိသည့် 33-KVနှင့်11-KVဓာတ်အားလိုင်းဓာတ်တိုင်များ ပြန်လည်တည့်မတ်နေမှုနှင့် ဓာတ်ကြိုးများအသစ် ပြန်လည်သွယ်တန်းနေမှုများကိုကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုင်းမှူးနှင့်အဖွဲ့သည် ကော့မှူးမြို့နယ်လက်ခိုက်ကျေးရွာဗဟိုလေဘေးကယ်ဆယ် ရေးစခန်းသို့ ရောက်ရှိ၍ လေဘေးသင့်ပြည်သူများအား လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးကာ အားပေးစကား ပြောကြားသည်။

ထို့မှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည်ကော့မှူးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်အတွင်း ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ရှေးဦးစွာ တိုင်းမှူးကပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများကိုရှင်းလင်းပြောကြားပြီးလိုအပ်သည်များမှာကြားပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက်တိုင်းမှူးသည် ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်း မြို့နယ်များသို့ လျှပ်စစ်ဓာတ်အားပေးနိုင်ရန် Soe Electric and Machinary Co., Ltd မှ 5MVA ထရန်စဖော်မာတပ်ဆင် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေ ဧရာဝတီတိုင်း မအူပင်မြို့နယ် ငါးကြီးဂယက်ကျေးရွာမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများလက်ဝယ်အရောက်ပေးအပ်စဉ်။
(သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဝတ္ထုရှည်၊ ဝတ္ထုတို ၊ ဆောင်းပါး၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲများ ဖိတ်ခေါ်

နေပြည်တော် ဇွန် ၃

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကျင်းပမည့် ယာဉ်စည်းကမ်းအသိပညာပေး ဝတ္ထုရှည်၊ ဝတ္ထုတို ၊ ဆောင်းပါး၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲများအတွက် စာမူနှင့် လက်ရာများကို ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲအတွက်သတ်မှတ်ထားသော စည်းကမ်းများမှာ နေပြည်တော်၌ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများ၊ယာဉ်မတော်တဆမှုများလျော့နည်းကျဆင်းရေး၊ ပြည်သူအများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုသိရှိနားလည်စေရေး၊ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသော ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသို့ ပြည်သူအများ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ရေးအတွက် ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံးရေးဆွဲရမည့် ဦးတည်ချက် ဆောင်ပုဒ်များမှာ-

ဥပဒေဘောင်အတွင်း မောင်းနှင်ခြင်း၊ ပူးပေါင်းဆောင်ရွက် ပြည်သူ့အတွက်၊ ယာဉ်လမ်းတခွင်အစဉ်သာရေး၊ မနှေးဖေးကူ တို့ပြည်သူနှင့် ဥပဒေဘောင်အတွင်းမောင်းနှင်ခြင်း၊ ဘေးကင်းရန်ကွာ တို့ပြည်သာ၏ တို့ဖြစ်၏။

ဝတ္ထုရှည်၊ ဝတ္ထုတိုပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍စာမူကို ကွန်ပျူတာဖြင့် ဖြစ်စေ၊လက်ရေးဖြင့် ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ယပ်စွာရေး၍မူရင်းနှင့် မိတ္တူစုစုပေါင်း(၂)စောင်ကိုတင်သွင်းရမည်ဖြစ်ပြီး စာလုံးရေကန့်သတ်ချက်မှာ ဝတ္ထုရှည်တွင်စာလုံးရေ ၅၀၀၀၀ မှ ၁၀၀၀၀၀ အထိ ဝတ္ထုတိုတွင် စာလုံးရေ ၄၀၀၀ မှ ၁၀၀၀၀ အတွင်းဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊လက်ရေးဖြင့်ဖြစ်စေ၊စာတစ်မျက်နှာတည်းတွင်သပ်ရပ်စွာရေး၍မူရင်းနှင့် မိတ္တူစုစုပေါင်း (၂)စောင်တင်သွင်းရမည်ဖြစ်ပြီး စာလုံးရေကန့်သတ်ချက်မှာ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်သည်။

ကဗျာပြိုင်ပွဲကိုအလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍စာမူကိုကွန်ပျူတာဖြင့်ဖြစ်စေ၊လက်ရေးဖြင့်ဖြစ်စေ၊စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍မူရင်းနှင့် မိတ္တူစုစုပေါင်း(၂)စောင် တင်သွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ကဗျာသည် စပ်ထုံးစပ်နည်းမှန်ကန်ပြီး ပါဒ ၁၀၀ မှ ၁၅၀ အတွင်း ဖြစ်ရမည်ဖြစ်သည်။

ကာတွန်းပြိုင်ပွဲကို စာရွက်အရွယ်အစား အသေးဆုံး A-3 ဆိုဒ်နှင့် အကြီးဆုံး (၂၀ လက်မ× ၃၀ လက်မ)ဖြင့် နှစ်သက်ရာ ဆေးအရောင်ကို အသုံးပြု၍ထင်ရှားပြတ်သားစွာရေးဆွဲပြီး ယှဉ်ပြိုင်နိုင်သည်။

ဝတ္ထုရှည်၊ဝတ္ထုတို၊ဆောင်းပါး၊ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်းပြိုင်ပွဲတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ကာတွန်းပြိုင်ပွဲများအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၂)ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင်ရေးသားခြင်း၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် အခြားပြိုင်ပွဲများတွင်လည်း ဆုရရှိဖူးသော စာမူမဟုတ်ကြောင်းဝန်ခံချက်စသည်တို့ကို ပူးတွဲပေးပို့ရမည်ဖြစ်ပြီးပြိုင်ပွဲဝင်စာမူနှင့်လက်ရာများကို နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ စာတိုက်သေတ္တာအမှတ် (၁၂၃)၊ ဗဟိုစာတိုက်ကြီး၊ နေပြည်တော်သို့ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၅ ရက်အရောက် ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူများကို နိုဝင်ဘာ ၁၅ရက်တွင်ကြေညာ၍ ဆုရရှိသူများအား နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသို့ ဖိတ်ခေါ်ပြီးဒီဇင်ဘာလတွင်အခမ်းအနားဖြင့် ဆုချီးမြှင့် မည်ဖြစ်သည်။

ရွေးချယ်ခြင်းမခံရသောစာမူများနှင့်လက်ရာများကိုပြန်လည်ပေးပို့မည်မဟုတ်ဘဲ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး အသိပညာပေး ဦးတည် ချက်ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မည်သည့်သီကုံးရေးဖွဲ့မှုများကိုမဆို လွတ်လပ်စွာသီကုံးရေးဆွဲပြုလုပ်ပေးပို့နိုင်ပါကြောင်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ သတင်းရရှိသည်။
(သတင်းစဉ်)

လေဘေးသင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအတွက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူရှင်များက ငွေများလှူဒါန်း

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က လေဘေးသင့် စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များအတွက် တူဒေးစာအုပ်တိုက်က ငွေကျပ် ၅၀၀၀၀၀၊ တစ်သက်တာ အမျိုးသားစာပေဆုရ စာရေးဆရာမကြီးဒေါ်ကြန်(မကြန်)က ငွေကျပ် ၁၀၀၀၀၀၊ စာရေးဆရာ ကေသီပန်ဦးလှမြင့်၏ စိန်ရတုမွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၀၀၀၀၀၊ စာရေးဆရာနီငြိမ်း(အညာတက္ကသိုလ်)-ဒေါ်တင်လှမိသားစုက ငွေကျပ် ၅၀၀၀၀၊ စာရေးဆရာ ဦးကျော်စိုး(မောင်ကျေးဖူး)-ဒေါ်ခင်ယဉ်မိသားစု၊စာရေးဆရာ ရှေဦးမြင့်မောင်(မဂ်လာတောင်ညွန့်)နှင့် စမ်းချောင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၁၀၀၀၀စီတို့ကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးသို့ ဇွန် ၂ရက်တွင် လာရောက်ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

လေဘေးသင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအား မေ ၃၀ရက်မှစ၍ အဖွဲ့ဝင် ၁၂၆ဦးတို့အားတစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ထောက်ပံ့ငွေထုတ်ပေးခဲ့သည်။

လေဘေးသင့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအတွက် မည်သူမဆိုအလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးတည်ရှိရာ ရန်ကုန်မြို့ အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ စာပေဗိမာန်ဒုတိယထပ် ဖုန်း(၂၅၂၄၁၇နှင့်၃၈၅၂၇၃)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

နှုတ်ဆက်အားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဘိုကလေးမြို့နယ် အားကစားရုံနေရာ၌ အိန္ဒိယသမ္မတနိုင်ငံမှ Mr.Prafull ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေးအဖွဲ့အား နှုတ်ဆက်အားပေးစဉ်။
(သတင်း-ရွှေဖုံး) (သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ဖျား ကချင်ပြည်နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ နိုင်ငံတောင်ဘက် ကဒုံကနိဒေသသို့ အရောက်လာကာ လေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်ပေးနေခြင်းမှာ ပြည်ထောင်စုစိတ်ဓာတ်၊ အပြန်အလှန်ကူညီရေးစိတ်ဓာတ်တို့ကို ဖော်ညွှန်းနေ

❖ ကျော်ဖုံးမှ

မြန်မာနိုင်ငံမြောက်ပိုင်းဖျားဖြစ်သည့် ကချင်ပြည်နယ်က ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် နိုင်ငံတောင်ဘက် ပင်လယ်စွန်းဒေသဖြစ်သော ကဒုံကနိဒေသသို့ အရောက်လာကာ ဧရာဝတီတိုင်းက လေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်ပေးနေခြင်းမှာ မိမိတို့ မြန်မာလူမျိုးများ၏ ပြည်ထောင်စုစိတ်ဓာတ် အပြန်အလှန် ကူညီပံ့ပိုးရေးစိတ်ဓာတ်တို့ကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ကြောင်း။

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရာ၌လည်း သာမန်အစားထိုးတည်ဆောက်မှုမျိုးမဟုတ်ဘဲ မူလအခြေအနေထက် သာလွန်တိုးတက်မြင့်မားရမည်ဟု ရည်မှန်းပြီး တည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေးကို ဒွန်တွဲဆောင်ရွက်သွားရန်လိုကြောင်း။

ဒေသအလိုက် လိုအပ်ချက်များဖြည့်ဆည်းပေးရာ၌ ဒေသနှင့် ဆီလျော်ကိုက်ညီသည့် အစီအမံဖြင့် ဆောင်ရွက်ပေးနိုင်ရန် ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်း။

နိုင်ငံတွင် တစ်နေရာ၌လိုအပ်ပါက အခြားနေရာမှ ဖြည့်ဆည်းပေးနိုင်ရန် မူလကပင် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

ဆန်စပါးဖူလုံရေးအတွက် ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံအောက်ပိုင်း၏ စပါးကျီဖြစ်သကဲ့သို့ စစ်ကိုင်းတိုင်းကိုလည်း မြန်မာနိုင်ငံအထက်ပိုင်း၏ စပါးကျီဖြစ်စေရအောင် ဆည်များ၊တမံများကို အကွက်ချ တည်ဆောက်ပေးခဲ့ကြောင်း။

သဖန်းဆိပ် ရေလှောင်တမံကြီး တည်ဆောက်ပြီး ရေရရှိအောင် ဆောင်ရွက်ပေးနိုင်မှုကြောင့် ယနေ့ဆိုလျှင် စစ်ကိုင်းတိုင်းသည် နှစ်စဉ် စပါးတင်းသိန်း ၁၀၀၀ ပိုလျှံနေပြီဖြစ်ကြောင်း။

အလားတူပင် မကွေးတိုင်းသည် နိုင်ငံ၏ ဆီအိုးကြီးဖြစ်သကဲ့သို့ တနင်္သာရီတိုင်းကို နိုင်ငံ၏ နောက်ထပ်ဆီအိုးကြီးအဖြစ် မိမိတို့ ရည်မှန်းဆောင်ရွက်နေကြောင်း။

ဤကဲ့သို့ အခြေခံစားကုန်များကို တစ်နေရာမဟုတ် တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်စေရအောင် စီမံထားသည့်အတွက် စားရေးအတွက် ဖူလုံပိုလျှံနေပြီဖြစ်ကြောင်း။

ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးဖွယ်လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ရာ ဒေသလိုအပ်ချက်နှင့်အညီ အထိရောက်ဆုံးဖြည့်ဆည်းပေးနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းသွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တက်ရောက်လာကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရှင်းလင်းမှာကြားသည့် အခမ်းအနားအပြီးတွင် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်ပြီး တာဝန်ရှိသူများသည် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့ ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ဆက်လက်ညှိနှိုင်းဆွေးနွေးကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဖြစ်ပေါ်ခဲ့သည် သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နောင်သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး နိုင်ငံတော်က ထားရှိသည့် မူဝါဒများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အစီအမံများကို အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့ပြီးဖြစ်ကြောင်း။

ယခင်ကတည်းက ဖွဲ့စည်းထားပြီးဖြစ်သည့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၊ ဆပ်ကော်မတီများ၏ ဆောင်ရွက်ချက်များ၊ ဒေသခံပြည်သူများ၏ ကူညီဆောင်ရွက်ချက်များ၊ တိုင်းရင်းသား လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်ချက်များကြောင့် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒေသခံပြည်သူများ၏ နေထိုင်ရေး လိုအပ်ချက်များ၊ စားသောက်ရေး လိုအပ်ချက်များအပြင် ဒေသခံများ၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့စီစဉ်ပေးသွားမည်ဖြစ်ရာ ဒေသအလိုက် သက်ဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုအပ်ချက်များကို တင်ပြကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့အတွင်း ရောက်ရှိစဉ် သက်ဆိုင်ရာဝန်ကြီးများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးများက ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်လျက်ရှိသည့်လုပ်ငန်းများ၊ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို ဇီဝအီသနော စက်သုံးဆီအကြောင်း ရှင်းလင်းခြင်းနှင့် စမ်းသပ်မောင်းနှင်မှုသရုပ်ပြပွဲ တက်ရောက်

ရန်ကုန် ဇွန် ၃

E-99 ဇီဝအီသနော စက်သုံးဆီအကြောင်း သိကောင်းစရာများ ရှင်းလင်းခြင်းနှင့် စမ်းသပ်မောင်းနှင်မှု သရုပ်ပြအခမ်းအနားကို မေ ၂၄ရက် နံနက် ၈နာရီတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ရတနာမြေ စိုက်ပျိုးရေးနှင့် ဇီဝအီသနောစက်သုံးဆီ ထုတ်လုပ်ဖြန့်ဖြူးရေးကုမ္ပဏီလီမိတက် စီမံကိန်းဒါရိုက်တာ ဦးစိုးမောင်မြင့်က E-99 ဓာတ်ဆီအစားထိုး ဇီဝအီသနော စက်သုံးဆီအကြောင်း သိကောင်းစရာများနှင့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များတွင် ထည့်သွင်းမောင်းနှင်ခြင်းအတွက် သိရှိထားရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကာ တောင်ငူခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်က ဇီဝလောင်စာဆီ စမ်းသပ်သုံးစွဲခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခပေါင်းခန်းမရှေ့ရှိ ပြည်သူ့အားကစားကွင်း ယာယီမဏ္ဍပ်၌ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ တိုင်းမှူးက ယာဉ်မောင်းများအား ဇီဝအီသနော စက်သုံးဆီများ ပေးအပ်ချီးမြှင့်ကာ ဇီဝအီသနော စက်သုံးဆီဖြင့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ စမ်းသပ်မောင်းနှင်မှုကို ကြည့်ရှုအားပေးသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ယာယီမဏ္ဍပ်အတွင်း ခင်းကျင်းပြသထားသော ကြံနှင့် ပြောင်းချိုတို့မှ ထုတ်လုပ်ထားသော ဇီဝစက်သုံးဆီ နမူနာများ၊ ဇီဝစက်သုံးဆီဖြင့် အသုံးပြုလျှင် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် Carburetter တွင် ထည့်သွင်းအသုံးပြုရမည့် စက်ပစ္စည်းအစိတ်အပိုင်းများကို လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (တိုင်းပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၆-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ အမျိုးသားရေးတေးကဗျာ
၅:၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၃၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၄၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့ စွန့်စားခန်း" အပိုင်း(၅၂)**
၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ပျော်ရွှင်ပါစေ (အပိုင်း-၃၀)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သွေးသစ္စာဓား (အပိုင်း-၂၅)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် မေ ၃၁ ရက်တွင် ဒေးဒရဲမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး စာသင်ကျောင်းဆောင်အမိုးများ ပြင်ဆင်ပြီးစီးမှု၊ လေဘေးဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ရုံးခန်းကို ပြန်လည်ပြုပြင်ပြီးစီးမှု၊ သစ်များ ရောက်ရှိနေမှုနှင့် ကျောင်းအဝင်လမ်း ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွင့်အမီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဒေးဒရဲမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများဆေးကုသနေမှုနှင့် ဆေးများ စနစ်တကျ သိုလှောင်ထားရှိမှု၊ အမိုးများပြင်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒေးဒရဲမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်အမိုးများပြုပြင်ပြီးစီးမှု၊ ပစ္စည်းများ ရောက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွင့်အမီ စာသင်ကြားနိုင်ရေးအတွက် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထိုနောက် ဝန်ကြီးသည် စွမ်းအင်ဝန်ကြီးဌာန၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Chinney Assets Limited (CNPC)မှဥက္ကဋ္ဌMr.Lei Zhenyu သည် ဒေးဒရဲမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၁၄၅ သိန်းခန့်တန်ဖိုးရှိ ဆန်အိတ် ၁၅၀၊ ဆေးဝါးပစ္စည်းမျိုးစုံ၊ အသင့်စားသုံးပစ္စည်းများ၊ ကျောင်းသုံးဖတ်စာ၊စာရေးကိရိယာများ၊အမျိုးသမီး အဝတ်အထည်များ၊ စားအုန်းဆီပိဿာ ၈၅၀ခန့်နှင့် အမိုးအတွက် တာပေါ်လင် ၁၀ လိပ် ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ယင်းနောက် ဝန်ကြီးသည် ဇွန် ၁ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဒေးဒရဲမြို့နယ်အတွင်း လေဘေးသင့်ကျေးရွာများအတွက် ငွေကျပ် ၁၅ သိန်းခန့် တန်ဖိုးရှိ ဆန်နှင့် လူသုံးကုန်ပစ္စည်း ၁၈ မျိုး ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ထို့နောက် ဝန်ကြီးသည် ဒေးဒရဲမြို့မှ စက်လှေဖြင့် ကျုံးဒါးကျေးရွာကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ တာဝန်ရှိသူများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ကျုံးဒါးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး စက်မှုလယ်ယာမှ လက်တွန်းထွန်စက်များဖြင့် လယ်ယာများ ထွန်ယက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒေးဒရဲမြို့ အထက(၁)နှင့် အထက(၂) တို့တွင် ကျောင်းသားများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒေးဒရဲမြို့နယ် ကျုံးဒါးကျေးရွာတွင် စက်မှုလယ်ယာမှ လက်တွန်းထွန်စက်များဖြင့် လယ်ယာများ ထွန်ယက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လေဘေးသင့် ပြည်သူများအား ပစ္စည်းများ သွားရောက်လှူဒါန်း

ရန်ကုန် ဇွန် ၃

ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီ ဦးဆောင်သော တပည့် သံဃာ၊ ဒါယကာနှင့် ဒါယိကာမများသည် မေ ၃၁ ရက်က ဖျာပုံမြို့နယ် စွယ်တော်ကုန်းကျေးရွာ၊ ဘုရားလေးဆူကျေးရွာ၊ မန်ကျည်းကန်ကျေးရွာနှင့် ဒေးဒရဲမြို့နယ် ဖိုးရှမ်းကြီးကျေးရွာရှိ လေဘေးသင့် ပြည်သူများအား ဆန်၊ ပဲ၊ ကြက်သွန်၊ ဆား၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးများ၊ သောက်ရေသန့်နှင့် ငါးခြောက်များ၊ အိမ်ဆောက်နိုင်ရန် သွပ်ပြားများ၊ သင်္ကန်းနှင့် အဝတ်အထည်များ၊ အလှူငွေများအား ပြည်သူတို့၏ လက်ဝယ်အရောက် သွားရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မြန်မာ-အမေရိကန် ဗုဒ္ဓဘာသာအသင်းနှင့် အင်္ဂလန်မြန်မာဗုဒ္ဓဘာသာ အသင်းတို့၏ပင့်ဖိတ်ချက်အရ မဟာစည်ဝိပဿနာ တရားတော်များ ဟောကြားရန်အတွက် ဘဒ္ဒန္တ ဝိစာရိန္ဒ (မဟာစည်နာယက) သာယာကုန်း ဆရာတော်သည် မေ ၂၉ရက်တွင် အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်နိုင်ငံများသို့ သာသနာပြုခရီး ကြွရောက်တော်မူစဉ်။
(က-ပ)

အာဆီယံ အင်ဂျင်နီယာအသင်းချုပ်များ၏ နှစ်ဝက်အစည်းအဝေးပွဲတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇွန် ၃

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ ဇွန် ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည့် အာဆီယံ အင်ဂျင်နီယာအသင်းချုပ်များ၏ နှစ်ဝက်အစည်းအဝေးပွဲ (AFEO Mid Term Meeting) သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့်သည် ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်ဖြင့် ဇွန် ၁ ရက် နံနက်ပိုင်းက ထွက်ခွာရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတွဲဖက် အထွေထွေအတွင်းရေးမှူးများဖြစ်ကြသော ပါမောက္ခ ဦးခင်မောင်ချစ်၊ ဦးအောင်မြင့်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသော ဦးပြည်စိုး၊ ဦးသန်းထွန်းအောင်နှင့် မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထွက်ခွာ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွဲဖက် ထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်နှင့် ဗဟိုကော်မတီဝင် ဦးသန်းထွန်းအောင် တို့သည်လည်း အဆိုပါ အစည်းအဝေး တက်ရောက်ရန်အတွက် ရန်ကုန်မြို့မှ ယင်းနေ့ ညနေပိုင်း၌ လေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာသွားကြကြောင်း သိရှိရသည်။
(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၃

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Reltex Relief Supplies Co.,Ltd. မှ လှူဒါန်းသော တာပေါ်လင်များ စုစုပေါင်း ၃၇ တန်သည် IL-76 လေယာဉ်ဖြင့် ယနေ့နံနက် ၆နာရီ ၅၇မိနစ်တွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ မတ်ခွက်များ၊ ဒန်အိုးများ၊ ပလတ်စတစ်စများ၊ သွားတိုက်တံများ၊ စောင်များ၊ အဝတ်အထည်များ၊ ခြင်ထောင်များ၊ ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ ရေတိုင်ကီများ စုစုပေါင်း ၂၇ဒသမ ၄၃၉ တန်သည် C-130 လေယာဉ်ငါးစင်းဖြင့် နံနက် ၈နာရီ ၅၅မိနစ်၊ နံနက် ၁၀နာရီ ၄၄မိနစ်၊ မွန်းလွဲ ၁၂ နာရီ ၈ မိနစ်၊ မွန်းလွဲ ၁၂နာရီ ၄၇မိနစ်နှင့် မွန်းလွဲ ၂နာရီ ၅၇ မိနစ်တို့တွင် လည်းကောင်း၊ Baiyoke Hotel Group မှ လှူဒါန်းသော အထည်အလိပ်မျိုးစုံ ၄ ဒသမ ၇၈ တန်သည် 8M-332 လေယာဉ်ဖြင့် နံနက် ၁၁ နာရီတွင် လည်းကောင်း၊ ထိုင်းနိုင်ငံရှိ သံဃာတော်များ၊ သီလရှင်များနှင့် ဗုဒ္ဓဘာသာဝင်များက လှူဒါန်းသော အအေးဘူးများ၊ ခေါက်ဆွဲများ၊ ဆားများ၊ ခေါက်ဆွဲများ၊ ရေသန့်စင်ပစ္စည်းများ စုစုပေါင်း ၁၀ဒသမ ၉၈ တန်သည် C-130 လေယာဉ်ဖြင့် နံနက် ၁၁နာရီ ၁၅မိနစ်တွင်လည်းကောင်း၊ ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအဖွဲ့မှ လှူဒါန်းသော ရွက်ဖျင်တဲများ၊ ပလတ်စတစ်အခင်းများ၊ ရေပေါ်ရှုပ်ပြေးယာဉ်များ စုစုပေါင်း ၇ဒသမ ၈၆ တန်သည် AN-12 လေယာဉ်ဖြင့် နံနက် ၁၁ နာရီ ၅၉မိနစ်တွင် လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ Department for International Development (DFID) အဖွဲ့မှ လှူဒါန်းသော ပလတ်စတစ်စ စုစုပေါင်း ၃၇ ဒသမ ၃၁၅ တန်သည် A-300 လေယာဉ်ဖြင့် မွန်းလွဲ ၂နာရီ ၂၈မိနစ်တွင် လည်းကောင်း၊ ယူကရိန်းသမ္မတနိုင်ငံမှ ဆေးပစ္စည်းမျိုးစုံ၊ စောင်များ၊ မိုးကာတဲများ၊ ရေသန့်စင်ပစ္စည်းများ စုစုပေါင်း ၄၆ တန်သည် IL-76 လေယာဉ်ဖြင့် ညနေ ၅ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံရှိ နယ်စည်းမခြားဆရာဝန်များအဖွဲ့မှ ကျန်းမာရေးသုံးပစ္စည်းများ၊ ရေပုံးများ စုစုပေါင်း ၃၆ဒသမ ၉၉၃ တန်သည် DC-8 လေယာဉ်ဖြင့် ညနေ ၅နာရီ မိနစ် ၄၀ တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ရောက်ရှိ

အလားတူ ကမ္ဘောဒီးယားနိုင်ငံ အခြေစိုက် ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် (WFP) မှ လှူဒါန်းသော အဆောက်အအုံသုံး ပစ္စည်းများ၊ အသက်ကယ်အင်္ကျီများ၊ ရွက်ဖျင်တဲများ စုစုပေါင်း ၃၃ဒသမ ၇၉၄တန်သည် IL-76 လေယာဉ်ဖြင့် ဇွန် ၂ ရက် ည ၇နာရီ ၂၃မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

ဖြန့်ဝေပေးပို့

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်တွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့က စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်း ဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများလှူဒါန်း

ရန်ကုန် ဇွန် ၃

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ လှိုင်မြို့နယ်(၁၆)ရပ်ကွက်ရှိ အမက(၁၇)၌ ကျင်းပရာ လှိုင်မြို့နယ် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာအုပ်၊ စာရေးကိရိယာများအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ငယ်ရွယ်အဖွဲ့ခွဲခေါင်းဆောင် ဒေါ်သန်းနု (နုမိသားစု ပစ္စည်းအငှားဆိုင်)မှ ဝတ်စုံနှင့် စာရေးကိရိယာတန်ဖိုးငွေကျပ် ၂၅၈၃၅၀ လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်ကျင်ဝေက လက်ခံပြီး**(အောက်ပုံ)** ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (ပညာရေး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၆-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	လက်ဆင့်ကမ်းပေးဂီတတေး
၈း၁၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၃၀	၆။	International News.
၈း၄၅	၇။	တေးဂီတအစီအစဉ်
၉း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၅	၃။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၄၀	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၄၅	၅။	သီချင်းကြီးပဒေသာ
၅း၀၀	၆။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၂၀	၇။	တေးဂီတအစီအစဉ်
၅း၃၅	၈။	သယံဇာတ ဇီဝစုံလင် မြန်မာ့ပတ်ဝန်းကျင်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	မြန်မာ့လေ့ရိုးရာလက်ဝှေ့
၇း၀၀	၁၂။	ထက်မြက်ပျော့ရွှင်အိမ်ထောင်ရှင်
၇း၄၀	၁၃။	နှောင်းခေတ်တေးပဒေသာ
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**မြန်မာဗီဒီယိုဇာတ်လမ်း "နောင်တိုး" (နိုင်းနိုင်း၊ကျော်ထူး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ကိုလွင်-စန္ဒီးဝိုက်)**
	၁၈။	အစီအစဉ်ပြီး၏။

ရွှေညဝါဆရာဖြစ်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၃

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်ရှိ ရွှေညဝါပညာ့ဗိမာန် သုံးထပ်ဆောင်ကြီး၌ ယနေ့ နံနက် ၇ နာရီက သတ္တမအကြိမ်မြောက် ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါဆရာဖြစ် သင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ဦးပညာသီဟ (ရွှေညဝါဆရာတော်)နှင့် ဦးသူရိယ မဟာဓမ္မာစရိယ(B.A Indo Aryon) တို့က ဓမ္မာစရိယသင်တန်း၊ ပထမကြီးတန်း၊ ပထမလတ်တန်း၊ အတွင်းအပြင်အောင် သံဃာတော်အရှင်မြတ် ၆၈၃ ပါးနှင့် သာသနာ့အနွယ်ဝင် သီလရှင် အပါး ၇၂ ပါး စုစုပေါင်း ၇၅၅ ပါး တို့အားသင်တန်းဆင်းအောင်လက်မှတ်များချီးမြှင့်ပေးတော်မူသည်။

ဆက်လက်၍ တိုင်းနှင့်ပြည်နယ် အသီးသီးမှ သင်တန်းလာရောက်တက်ကြသော သင်တန်းသားများ အပြန်ခရီးစရိတ်နှင့် ဆွမ်းစရိတ် အတွက် စုပေါင်းလှူဒါန်းသော အလှူငွေ ကျပ်သိန်း ၉၀ ကို အလှူရှင်များ ကိုယ်စား အောင်သိန်း သစ်ဆိုင်မိသားစုက ပေးအပ်လှူဒါန်းရာ ရွှေညဝါဆရာတော် ကိုယ်စား ကပ္ပိယကာရကလူငယ်များကလက်ခံရယူသည်။**(ယာပုံ)**

ထို့နောက် လေဘေးသင့်ဒေသများဖြစ်သော ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ မအူပင်၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ကွမ်းခြံကုန်း၊ရွှေပြည်သာ၊ လှိုင်သာယာ မြို့နယ်များသို့ သွားရောက်လှူဒါန်းခဲ့ကြသော ကောင်းမှုအစုစုတို့အား ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်က ရေစက်ချတရားချီးမြှင့် မေတ္တာပို့ အမျှပေးဝေသည်။

ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီမှစ၍ ငါးရက်ခရီးအဖြစ် ရေကြောင်းလမ်း

အတိုင်း လေဘေးသင့် ပင်လယ်ကမ်းခြေ ဒေသများသို့ ဆရာတော် ကိုယ်တိုင်ကြွရောက်ပြီး သေဆုံးသူတို့အား သရဏဂုံတင်၊ သပိတ်သွတ်၊ မေတ္တာပို့၊ အမျှပေးဝေပွဲများ ထပ်မံပြုလုပ်ပေးမည့်အပြင် ကျန်ရစ်သူတို့အား အစားအစာ၊အဝတ်အထည်၊ ဆေးဝါး၊ အမိုးအကာ၊ ကျောင်းသုံး စာရေးကိရိယာများ လှူဒါန်းမည်ဖြစ်ပြီး အမှန်တကယ်ခိုကိုးရာမဲ့သူတို့အား ရန်ကုန်သို့ စောင့်ရှောက် ခေါ်ဆောင်လာမည်ဖြစ်သည်။

လှူဒါန်းလိုသော အလှူရှင်များ အနေဖြင့်ကျောင်းတိုက်သို့လည်းကောင်း၊ ဖုန်း-၅၁၀၅၆၆၊ ၀၉-၅၁၃၇၄၅၇၊ ၀၉-၅၁၄၂၇၄၉ တို့သို့လည်းကောင်း ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၄၆)

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်း အသီးသီးရှိ စေတနာရှင်၊ အလှူရှင်များက ထောက်ပံ့ငွေနှင့် ပစ္စည်းများဆက်လက်လှူဒါန်း

နေပြည်တော် ဇွန် ၃

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သား မိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၃၂၃၁၀၀ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စေတနာရှင် ပြည်သူများက ငွေ ၈၅၁၀၀၅ ကျပ် တန်ဖိုးရှိငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ စစ်ကိုင်းတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၆၆၂၅၀၀၀၊ မန္တလေးတိုင်းမှ စေတနာရှင် ပြည်သူများက ငွေ ၁၀၆၇၅၉၅၉၃ ကျပ် တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများနှင့် အဝတ်အထည်မျိုးစုံ၊ ပဲခူးတိုင်းမှ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သား မိသားစုများကငွေကျပ် ၁၃၅၀၀၀၀နှင့် ငွေကျပ် ၂၀၅၁၅၀၀၀ တန်ဖိုးရှိ ကျွဲ အကောင် ၆၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက် လှူဒါန်း ငွေကျပ် ၂၃၆၈၀၀၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၁၆၁၁၀၃၆၉၈ ကျပ်ဖြစ်ပြီး ဇွန် ၃ ရက်အထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်း တန်ဖိုးမှာ ငွေ ၁၁၁၈၂၆၄၈၁၃၂ ကျပ် ရှိပြီဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ ဒဂုံကျော်ကုမ္ပဏီလီမိတက်မှ ဖိုင်ဘာဘုတ် လေးစင်းလှူဒါန်း

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လေဘေးသင့် ပြည်သူများအတွက် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေး၊ လူမှုရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဒဂုံကျော် ကုမ္ပဏီ လီမိတက်က ငွေကျပ် နှစ်ဆယ့်လေးသိန်းငါးသောင်းတန်ဖိုးရှိ ဖိုင်ဘာဘုတ်လေးစင်းကို ယနေ့ နံနက် ၁၁နာရီတွင်အမှတ်(၄၂)ကမ်းနားလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဌာနချုပ်သို့ လာရောက်လှူဒါန်းရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌပါမောက္ခ ဒေါက်တာသာလှရွှေနှင့် အမှုဆောင်ညွှန်ကြားရေးမှူးဗိုလ်မှူးကြီး ခင်မောင်လှ(ငြိမ်း)တို့ကလက်ခံပြီး**(ဝဲပုံ)** ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နာဂစ်တစ်လပြည့်မှတ်တမ်း သတင်းအချက်အလက်များစွာဖြင့် ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇွန် ၃

"နာဂစ်တစ်လပြည့် မမေ့ရက်နိုင်ကြသူများ၏ သူတို့ကတိ၊ သူတို့စကား"၊ "နာဂစ်ဒဏ်ရာကျက်ဖို့ စီးပွားအရှိန်သွက်စို့" ပြန်လည်ထူထောင်ရေး အရှိန်အဟုန်ပိုမိုမြှင့်တင်ရေး အထူးအလေးပေးသုံးသပ်ချက်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့်တွေ့ဆုံခြင်း၊ ဦးအောင်သန်းဦး(စိတ်ပညာဌာန၊ တွဲဖက်ပါမောက္ခ)နှင့်တွေ့ဆုံခြင်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ(၁) ဦးလှမောင်ရွှေနှင့် တွေ့ဆုံ ခြင်းစသည်ဖြင့် ကဏ္ဍမျိုးစုံဘက်မှ ပြန်လည်ထူထောင်ရေးဆိုင်ရာ သုံးသပ်ချက်များဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၂၁) ယခုတစ်ပတ် ထွက်ရှိလာသည်။

ထို့အပြင် "ကျားကိုက်ရွာသွားတောလား သို့မဟုတ် နာဂစ်မြစ်ပြင်ကျယ်ကို အဆန်လှော်ခတ်မည်ဆိုရာဝယ်" ခရီးသွားမြင်ကွင်း၊ ပြည်တွင်းရေကြောင်းမှ ပြေးဆွဲလျက်ရှိသော ခရီးစဉ်များ အပြည့်အဝပြန်လည် မပြေးဆွဲနိုင်သေးဟုဆို၊ ကုန်ဈေးနှုန်းတည်ငြိမ်စေရန် ဈေးသည်များအား ကျပ်သန်းပေါင်းတစ်ထောင်ထုတ်ချေးမည်၊ မုန်တိုင်းပြီးကာလ ဖြစ်ပွားတတ်သောရောဂါများ ဆက်တိုက်လာတတ်၍ အထူးသတိပြုရန်လို၊ လေဘေးသင့်ဒေသများတွင် MOSA က ရွာငယ်လေးများ ပြန်လည်ထူထောင်ပေးရန်စီစဉ်နေ၊ မုန်တိုင်းနှင့် မုန်တိုင်းဒီရေတို့ကြောင့် စံချိန်တင်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာ၍ ဗဟုသုတများရှိရန် လိုအပ်လာပြီ၊ ယခုတစ်ပတ် ကားဈေးကွက်အကြောင်း တစ်စေ့တစ်စောင်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ"ကျောင်းဖွင့်ချိန်" အကြောင်းစသည့် ပြည်တွင်းရေးရာ နောက်ဆုံးစက်ရပ် သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက် ရှိလာသည်။

ဆရာဝန်များတွင် လူသတ်ခွင့်လိုင်စင်ရှိသည်ဟု ပြောသည့် မလေးရှားဝန်ကြီးကို ဆေးအဖွဲ့ ကဝေဖန်၊ ဇီဝဒီဇယ်သည် အရေးပါသည့်မဏ္ဍိုင်အဖြစ်နေရာယူလာ၊ ကိုးနှစ်အရွယ်မိန်းကလေး၏ ဝမ်းဗိုက်အတွင်း အမြွှာသန္ဓေသားတွေ့ရှိ၊ ရွှေသွားကြားထိုးတံနှင့် နားဖာကလော် ရေငုပ်သမားများ တွေ့ရှိ၊ "အားလုံးပျော်သွားမယ်" ဟာသကဏ္ဍသစ်၊ "ဗြိတိန်သို့ လိင်ကျေးကျွန်များပို့ဆောင်မှုဖြင့် ဗြိတိသျှရဲအရာရှိဟောင်း ထိုင်းတွင်အဖမ်းခံရ" နိုင်ငံတကာမှုခင်းရေးရာ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍသစ်စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်း ပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ မိုးဆက်လက်လျော့နည်းနိုင်



မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ

ရန်ကုန် ဇွန် ၃

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းတွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကလေးဝမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ညောင်ဦးမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ မြိတ်မြို့တွင် ၀ ဒသမ ၉၁ လက်မ၊ မော်လမြိုင်မြို့တွင် ၀ ဒသမ ၈၇ လက်မနှင့် ပြည်မြို့တွင် ၀ ဒသမ ၇၉ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

ဇွန် ၄ ရက် ညနေအထိ ခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၄ ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၉၃)ဒီဂရီဖာရင်ဟိုက်	၂-၆-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၆)ဒီဂရီဖာရင်ဟိုက်	၃-၆-၂၀၀၈
၀၉း၃၀နာရီအချိန်	စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း	၃-၆-၂၀၀၈
နေပူသည့် နာရီပေါင်း	၃ဒသမ၅ နာရီခန့်	၂-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃-၆-၂၀၀၈	Tr	၁မမ(၀. ၀၄လက်မ)	၃မမ(၀. ၁၂လက်မ)
၁-၁-၂၀၀၈မှ ယနေ့ထိ	၇၃၈မမ(၂၉. ၀၆လက်မ)	၈၆၅မမ(၃၄. ၀၆လက်မ)	၁၀၇၄မမ(၄၂. ၂၈လက်မ)

ရန်ကုန် (ကမ္ဘာအေး) ၏ အများဆုံးလေတိုက်နှုန်းမှာ (၂-၆-၂၀၀၈)ရက် ၁၆း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်း တိုက်ခတ်သည်။

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၃

ဦးနေဝင်းထွန်းသည် သန်လျင်ဂေါက်ကလပ်၌ ဇွန်၁ရက် ညနေ ၅ နာရီခွဲ တွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)သို့ ၁၂၉ ကိုက်အကွာမှ NIKE ဘောလုံးအား WOOD NO. (9) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့်ကျင်းဝင်ခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များ ဖြစ်ကြသော ဦးကျော်ဇော်မင်း၊ ဦးခွန်ဝင်းအောင်(စံဖွံ့ဖြိုးကုမ္ပဏီ)၊ ဦးဝင်းနိုင်၊ ဦးဂျွန်ဆင်းတို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။ (က-ပ)

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ယူနီဗာဆယ်စီးတီးရှိ ယူနီဗာဆယ်ရုပ်ရှင်စတူဒီယို မီးလောင်နေသည်ကို ဇွန် ၁ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်မှ အမဲသားတင်သွင်းခြင်းကို တောင်ကိုရီးယားပြည်သူများ ကန့်ကွက်

ဆိုးလ် ဇွန် ၂

တောင်ကိုရီးယားအစိုးရက အမေရိကန်နိုင်ငံမှ အမဲသားများအား ပြန်လည်တင်သွင်းခွင့်ပြုရန် ဆုံးဖြတ်ခြင်းကို ကန့်ကွက်သောအားဖြင့် ပြည်သူများသည် စနေနေ့က ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

အမေရိကန် အမဲသားများသည် ကျန်းမာရေးအတွက် အန္တရာယ်ရှိသည်ဟု ၎င်းတို့က ဖော်ပြကြသည်။

ပထမဆုံးအကြိမ်ဖွင့်

သမ္မတ လီမြောင်ဘတ်အား ရက်သတ္တတစ်ပတ်ကျော် နေ့စဉ်ရက်ဆက် ကန့်ကွက်ကြပြီးနောက် ဆိုးလ်မြို့၏ ၁၆ လမ်းသွား မြို့လယ်လမ်းမကြီးပေါ်တွင် ယာဉ်အသွားအလာရပ်တန့်သွားခဲ့သည့် လူထုအစည်းအဝေး၌ ပြည်သူ၁၀၀၀၀၀တက်ရောက်ကြောင်း စည်းရုံးလှုံ့ဆော်သူများက ပြောကြားသည်။ လေးနှစ်အတွင်း အမေရိကန်အမဲသားများကို တောင်ကိုရီးယားဈေးကွက်အား ပထမဆုံးအကြိမ် ဖွင့်ပေးခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်တွင် ၆ ဒသမ ၃ ပြင်းအားရှိ ငလျင်လှုပ်

မနီလာ ဇွန် ၂

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းရှိ ဘာတိန်းစ်ကျွန်းများတွင် ပြင်းအား ၆ ဒသမ၃ အဆင့်ရှိ ငလျင်တစ်ခု တနင်္ဂနွေနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅၇ မိနစ် (ဂရင်းနစ်စံတော်ချိန် ၀၁၅၇)၌ လှုပ်သွားကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်လေ့လာရေးအဖွဲ့က ပြောကြားသည်။

၎င်းအဖွဲ့ကသတင်းထုတ်ပြန်ရာတွင် ဘာတိန်းစ် ကျွန်းစုများမှ ဘတ်စ်ကိုကျွန်း၏ အနောက်တောင်ဘက် ၇၈ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် ၄၂ ကီလိုမီတာအနက်ကို ဗဟိုပြု၍ လှုပ်သွားကြောင်း ဖော်ပြသည်။ အဆိုပါငလျင်သည် ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်း၏ အိုင်လိုကော့စ်နှင့် ကာဂါယန်ဒေသများကိုပါ လှုပ်ခတ်သွားခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ် အိုဘားမား နီးစပ် ဟီလာရီက ပြီးဆုံးသည့်တိုင် စည်းရုံးသွားမည်ဟုဆို

တောင်ဒါကိုတာ ဇွန် ၂

ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ် အရွေးချယ်ခံရေးအတွက် အပြင်းအထန် ယှဉ်ပြိုင်လျက်ရှိသော်လည်း ဘာရက်အိုဘားမားသည် လေ့လာရေးခရီးတစ်ခုသွားရောက်ခဲ့သည်။

သတင်းစာဆရာများ အဖွဲ့နှင့် ဝန်ထမ်းအချို့သည် ရပ်ရှ်မိုးတောင်ကုန်းရှိ အမေရိကန်သမ္မတလေးဦး၏ ရုပ်ပုံထွင်းထုထားသည့် အမျိုးသားအထိမ်းအမှတ်ရုပ်တုများကိုသွားရောက်ကြည့်ရှုရန် စီစဉ်ရာ အိုဘားမားလည်းလိုက်ပါရန် ဆုံးဖြတ်ခဲ့သည်။

မဲဆွယ်စည်းရုံးမှု မပြီးသေးသည့်အတွက် အင်္ဂါနေ့(သို့မဟုတ်) အင်္ဂါနေ့နောက်ပိုင်းတွင် မည်သို့ဖြစ်လာမည်ကို မိမိတို့ ကြည့်ကြရမည်ဖြစ်ကြောင်း ဟီလာရီက တောင်ဒါကိုတာသို့အသွား လေယာဉ်ပေါ်၌ပြောကြားလိုက်သည်။ အိုဘားမား ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းဖြစ်ရန် အလားအလာ ကောင်းနေသည်။

အင်္ဂါနေ့တွင် တောင်ဒါကိုတာပြည်နယ်နှင့် မွန်တာနာပြည်နယ်တို့တွင် အကြိုရွေးကောက်ပွဲများ ကျင်းပမည်။ ဟီလာရီက ပြီးဆုံးတိုင်အောင် ဆက်လက် စည်းရုံးသွားမည်ဟု ပြောကြားသည်။ သို့သော် အင်တာနက်သတင်းတစ်ခုတွင် ပွာတိုရီကို၌ ဟီလာရီမဲဆွယ်နေသည့်ဓာတ်ပုံအောက်ခြေတွင် ပြီးဆုံးပါပြီဟူ၍ရေးထိုးထားသည်ကို တွေ့ရသည်။ **အင်တာနက်။**

အယ်လ်မာအပူပိုင်းမုန်တိုင်း နီကာရာဂွါ၌တိုက်ခတ်၊ သုံးဦး သေဆုံး

မနာဂွာ ဇွန် ၂

နီကာရာဂွါနိုင်ငံသို့ ကြာသပတေးနေ့ကအယ်လ်မာအပူပိုင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာခဲ့သဖြင့် လူ ၂၅၀၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ပြီး ၁၀ဦး ပျောက်ဆုံးကာ သုံးဦးသေဆုံးခဲ့သည်ဟု နီကာရာဂွါနိုင်ငံပြည်တွင်း ကာကွယ်ရေးဌာနက သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါ အပူပိုင်း မုန်တိုင်းသည် အမေရိကန်ဟာရီကိန်း ရာသီချိန်တွင် ပထမဆုံး တိုက်ခတ်သည့် မုန်တိုင်းဖြစ်သည်။ အယ်လ်မာမုန်တိုင်းသည် နီကာရာဂွါနိုင်ငံ၏ ပစိဖိတ်ကမ်းခြေအတွင်း ဖြတ်သန်းတိုက်ခတ်ခဲ့ရာ လေပြင်းဒဏ်ကြောင့် အိမ်များမှ အမိုးများ လန်ကုန်ပြီး သစ်ပင်များ ပြိုလဲခဲ့ရသည်။

မုန်တိုင်းဒဏ်သင့်ခဲ့သည့်ဒုက္ခသည်များကို စောင်၊ စားနပ်ရိက္ခာ၊ ရေ၊ မွေ့ရာနှင့် ဆေးဝါးများ လှူဒါန်းရန် ပြည်တွင်းကာကွယ်ရေးဌာနက နီကာရာဂွါ နိုင်ငံသားများအား သောကြာနေ့တွင် တိုက်တွန်းနှိုးဆော်ခဲ့သည်။

အယ်လ်မာမုန်တိုင်းသည်နီကာရာဂွါနိုင်ငံမြို့တော်မာနာဂွါ၏ အနောက်-အနောက်မြောက်ဘက် ၈၅ ကီလိုမီတာအကွာတွင် တည်ရှိနေရာမှ မြောက်ဘက်သို့ တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားခဲ့သည်။ ထို့အပြင်မိုးရွာသွန်းမှုသည် ၃၈ စင်တီမီတာအထက်သို့ ရောက်ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုမာလီ ပင်လယ်ဓားပြများက ကုန်သင်္ဘောနှစ်စင်းအား အပိုင်စီး

နိုင်ရိုဘီ ဇွန် ၂

ဆိုမာလီ ပင်လယ်ဓားပြများက မေ ၂၈ရက်တွင် ကုန်တင်သင်္ဘောနှစ်စင်းအား ဒုံးကျည်များဖြင့် ပစ်ခတ်ကာ အာဖရိကနိုင်ငံ ကမ်းရိုးတန်းသို့ အပိုင်စီး ယူဆောင်သွားခဲ့ကြောင်း၊ ယခုရက်သတ္တပတ်အတွင်း သင်္ဘောသုံးစင်းအပိုင်စီးခံရကြောင်း ကင်ညာနိုင်ငံ ပင်လယ်ရေကြောင်း တာဝန်ရှိသူက သောကြာနေ့တွင် ပြောကြားသည်။

အပိုင်စီးခံရသည့် အာရီအင်နှင့် လော့ချ်မန်းတင်ဘာသင်္ဘောနှစ်စင်း၏ ပိုင်ရှင်နှင့် နိုင်ငံကို ပြောကြားခြင်း မရှိပေ။

လွန်ခဲ့သည့် ရက်သတ္တပတ်က ရုရှားနှင့် ဖိလစ်ပိုင်သင်္ဘောသားများပါရှိသည့် သင်္ဘောတစ်စင်းကိုလည်း ပင်လယ်ဓားပြများကအပိုင်စီးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်၌ အမေရိကန်ရဟတ်ယာဉ် ပျက်ကျ ၂၀၀၃ ခုနှစ်မှ ယနေ့အထိ ရဟတ်ယာဉ် ၆၇စင်းခန့် ပျက်ကျခဲ့

ဘဂ္ဂဒက် ဇွန် ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ပိုင်းတွင် ဇွန် ၁ ရက်က အမေရိကန်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ကနဦးစုံစမ်းစစ်ဆေးမှုအရရဟတ်ယာဉ်ပျက်ကျရခြင်းမှာ စက်ပိုင်းဆိုင်ရာ ချို့ယွင်းမှုကြောင့်ဟု သိရှိရသော်လည်း မည်သို့မည်ပုံ ပျက်ကျရသည်ကို စုံစမ်းစစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာက ဖော်ပြထားသည်။

ထို့ပြင် ပျက်ကျသွားသည့် ရဟတ်ယာဉ် အမျိုးအစားနှင့် ရဟတ်ယာဉ်ပေါ်၌ မည်သူမည်ဝါ လိုက်ပါသွားသည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

အီရတ်နိုင်ငံ၌ အမေရိကန်တို့အသုံးပြုသော ရဟတ်ယာဉ် အများစုမှာ အပါချီအမျိုးအစား တိုက်ခိုက်ရေးရဟတ်ယာဉ်နှင့် ဘလက်ဟော့ခ် ရဟတ်ယာဉ် အမျိုးအစားများ ဖြစ်သည်။ ထိုရဟတ်ယာဉ်များကို အီရတ်နိုင်ငံတစ်ဝန်း အမေရိကန် တပ်ဖွဲ့ဝင်များအား တစ်နေရာမှတစ်နေရာသို့ ပို့ဆောင်ပေးသော ရဟတ်ယာဉ်များ ဖြစ်သည်ဟု ဆိုသည်။

အမေရိကန်တို့ ဦးဆောင်ပြီး ၂၀၀၃ခုနှစ်မှစ၍ ယနေ့အထိ ဖြစ်ပွားသော အီရတ်စစ်ပွဲ၌ အမေရိကန်ရဟတ်ယာဉ်ပေါင်း အနည်းဆုံး ၆၇ စင်းခန့် ပျက်ကျခဲ့ရပြီးဖြစ်သည်။ ယင်းတို့ အနက်မှ ၃၆ စင်းမှာ ရန်သူဘက်မှ ပစ်ခတ်၍ ပျက်ကျခြင်းဖြစ်သည်ဟုမီဒီယာသတင်းဌာန၏လေ့လာချက်အရ သိရသည်။

အမ်အင်အေ၊ရိုက်တာ။

နီပေါနိုင်ငံတွင် ဆေးရွက်ကြီးကြောင့် နှစ်စဉ် ၁၅၀၀၀ခန့်သေဆုံး

ခတ္တမန္ဒူ ဇွန် ၂

နီပေါနိုင်ငံတွင် ဆေးရွက်ကြီးနှင့် ဆက်စပ်နေသောပစ္စည်းများကို သုံးစွဲခြင်းကြောင့် နှစ်စဉ် လူ ၁၅၀၀၀ ဝန်းကျင် သေဆုံးလျက်ရှိကြောင်း သည်ရိုက်စင်းနီပေါပြည်တွင်း သတင်းစာက စနေနေ့တွင် ရေးသားဖော်ပြသည်။ အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နီပေါနိုင်ငံတွင် အမျိုးသမီးဆေးလိပ်သောက်သူအရေအတွက်မှာ ပို၍များပြားသည်။ အထူးသဖြင့် တောင်တန်းဒေသများနှင့် ဟိမဝန္တာဒေသများ၌ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်အာဖရိကတွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးသူ နိုင်ငံခြားသား ၆၂ ဦးရှိ

ဂျိုဟန်နက်စဘတ် ဇွန် ၂

တောင်အာဖရိကနိုင်ငံ၌ လွန်ခဲ့သော ရက်သတ္တသုံးပတ်မှ စခဲ့သော အကြမ်းဖက်ရန်းရင်းဆန်ခတ် ဖြစ်မှုတွင် နိုင်ငံခြားသားများအား တိုးမြှင့်တိုက်ခိုက်လာသည့်အတွက် သေဆုံးသူပေါင်း ၆၂ ဦးထိ ရှိပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောသည်။

ယခုအခါ ငြိမ်သက်စပြုနေပြီ ဖြစ်သော အကြမ်းဖက် တိုက်ခိုက်မှုသည် နိုင်ငံသို့ အသစ်ရောက်လာကြသော နိုင်ငံခြားသားများသာမက ဆယ်စုနှစ်ပေါင်းများစွာ နေထိုင်လာခဲ့ကြသူများကိုပါ ပစ်မှတ်ထားသည်။

စောစောပိုင်းက သေဆုံးသူစာရင်း ၅၆ ဦးရှိရာမှ ၆၂ ဦးထိ တိုးလာခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ ၆၇၀ ရှိကြောင်း၊ အချို့မှာရလာသောဒဏ်ရာဖြင့်ပင် ဆေးရုံပေါ်၌ သေဆုံးကြရကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဆယ်လီဒီဗီယာကဆာပါသတင်းဌာနသို့ ပြောသည်။

စက်သုံးဆီ ဈေးနှုန်းမြင့်လာမှု၊ စားသောက်ကုန်များ ဈေးကြီးလာမှုတို့နှင့်ဆက်နွယ်ပြီးအိုးအိမ်နှင့် အလုပ်အကိုင်ရရှိရေးအပြိုင်အဆိုင်ကြီးပမ်းကြရာမှ အကြမ်းဖက် တိုက်ခိုက်မှုများ ပေါ်ပေါက်လာရသည်ဟု ယုံကြည်ရကြောင်း၎င်းရဲအရာရှိကပြောကြားသည်။

တောင်အာဖရိက၌ အလုပ်လက်မဲ့ ဦးရေ ၂၄ ရာခိုင်နှုန်းရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယတွင် ဆင်ဆိုးကြီးအား ပစ်သတ်

ပတ်နာ (အိန္ဒိယ) ဇွန် ၂

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော လအနည်းငယ်က လူ ၁၁ ဦးကိုသတ်၍ ဒါဇင်ပေါင်းများစွာကို ဒဏ်ရာရရှိစေသော ဆင်ဆိုးကြီးတစ်ကောင်ကို နိုင်ငံအရှေ့ပိုင်းတွင် အသေပစ်သတ်ခဲ့ကြောင်း တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

အဆိုပါ ဆင်ထီးကြီးသည် ပြည်နယ်နှစ်ခုအတွင်းမှ ရွာသူ၊ ရွာသားများကို တိုက်ခိုက်ပြီး သီးနှံစိုက်ခင်းများ၊ အိုးအိမ်များကိုလည်း ဖျက်ဆီးခဲ့သည်။ သစ်တောအရာရှိများနှင့် ရဲတပ်ဖွဲ့သည် ၎င်းဆင်ဆိုးကြီးနောက်သို့ ခြေရာခံလိုက်ပြီး အိန္ဒိယနိုင်ငံ၏ အရှေ့ပိုင်းပြည်နယ် ဂျက်ဟင်းတွင် သောကြာနေ့ နှောင်းပိုင်းက ပစ်သတ်လိုက်ပြီဖြစ်ကြောင်း အစိုးရထိပ်တန်းအရာရှိ ရာဗီရန်ဂျန်က ရိုက်တာသတင်းဌာနသို့ စနေနေ့တွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပထမဆုံးပြည်ပဘဏ် အီရန်၌ဖွင့်လှစ်

တီဟီရန် ဇွန် ၂

အီရန်နိုင်ငံ၌ အီရန်-ဥရောပ ကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခုကို ကြာသပတေးနေ့တွင် စတင်ဖွင့်လှစ်ကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ၎င်းဘဏ်သည် အီရန်နိုင်ငံ၌ ဖွင့်လှစ်ခွင့်ရရှိသော နိုင်ငံခြားဘဏ် ခြောက်ခုအနက် ပထမဆုံးဘဏ်ဖြစ်သည်။

အဆိုပါဘဏ်၏ နိုင်ငံခြားငွေလဲလှယ်ရေး ဝန်ဆောင်မှုလုပ်ငန်းတွင် ယူရိုငွေကို အခြေခံတွက်ချက်ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဗုဒ္ဓဟူးနေ့၌ ကျင်းပခဲ့သည့် ဖွင့်ပွဲအခမ်းအနား၌ ညွှန်ကြားရေးမှူး ဆီယာမိုချ်နာရှိနီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် စိန်လုပ်ငန်းများ ဖွံ့ဖြိုးရာ ဘော့ဆွာနာသမ္မတနိုင်ငံရှိ စိန်ရိုင်းများသွေးသောအလုပ်ရုံလုပ်ငန်းခွင်တစ်နေရာကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရာ၌ သာမန်အစားထိုး တည်ဆောက်မှုမျိုးမဟုတ်ဘဲ မူလအခြေအနေထက်မြင့်မားရမည်ဟု ရည်မှန်းပြီး တည်ဆောက်ရေးနှင့်အဆင့်မြှင့်တင်ရေး ဒွန်တွဲဆောင်ရွက် အခြေခံစားကုန်များကို တစ်နေရာမဟုတ်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်အောင် စီမံထားသည့်အတွက် ဖူလုံပိုလျှံနေ

နေပြည်တော် ဇွန် ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပုသိမ်မြို့ မြရောအစည်းအဝေးခန်းမ၌ နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုခဲ့သည့် မော်လမြိုင်ကျွန်းနှင့် ဘိုကလေးဒေသများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေသတာဝန်ခံဝန်ကြီးများ၊ ဒေသတွင်း ကူညီဆောင်ရွက်နေသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ အပါအဝင် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ယင်းသို့ တွေ့ဆုံမှာကြားရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မုန်တိုင်းဒဏ်သင့်ဒေသများရှိ ကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များကပါ အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်နေကြသည်မှာ လွန်စွာအားရဂုဏ်ယူဖွယ်ကောင်းကြောင်း။

လေဘေးသင့်ပြည်သူများအား မိမိတို့၏ မိသားစုဝင်သွေးချင်းသားရင်းများသဖွယ် သဘောထားပြီး ကြုံတွေ့ရသော အခက်အခဲမှန်သမျှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြခြင်းမှာ မိမိတို့နိုင်ငံနှင့်လူမျိုး၌ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် မည်မျှမြဲမြံခိုင်မာသည်၊ မိမိတို့ပြည်တွင်းစွမ်းအား၊ စည်းလုံးညီညွတ်မှုစွမ်းအား မည်မျှထက်မြက်သည်ကို ဖော်ထုတ်ပြသနေခြင်းပင်ဖြစ်ကြောင်း။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပုသိမ်မြို့ မြရောအစည်းအဝေးခန်းမ၌ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးဒေသများ၏ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဒေသတာဝန်ခံဝန်ကြီးများ၊ ဒေသတွင်း ကူညီဆောင်ရွက်နေသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ အပါအဝင် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

လေ့လာသူတစ်ဦး၏ "ဒါမှ တကယ့် Mandate အစစ်" (ဆောင်းပါး) စာမျက်နှာ-၆

"အခုလို ပြည်သူလူထုအများစုကြီးက အခြေခံဥပဒေကို ထောက်ခံအတည်ပြုလိုက်တာဟာ ၁၉၈၈ ခုနှစ်မှာ ဖြစ်ပေါ်ခဲ့တဲ့ ပြည်သူလူထုရဲ့ ဆန္ဒအမှန် ပဲ့တင်သံ၊ မျှော်လင့်ချက်အမှန် ရောင်ပြန်လို့ ဆိုနိုင်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို လိုလားသလို ပြည်ထောင်စုစနစ်နဲ့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်နဲ့အညီ နေထိုင်ရေးတို့ကို နှစ်သက်လက်ခံတဲ့ ပြည်သူလူထုရဲ့လိုအင်ဆန္ဒနဲ့အညီ အခြေခံဥပဒေက အကောင်းဆုံး ပြန်လည်ဖော်ဆောင်ပေးသွားနိုင်တော့မှာ ဖြစ်ပါတယ်။"